# အခန်း (၅) – ပဋိပက္ခသရုပ်ခွဲ ဆန်းစစ်ရေး နည်းစနစ်များ

## အခန်း (၅) ၏ သင်ယူလေ့လာရေး ရည်မှန်းချက်များ

### ဗဟုသုတ

**ယခု သင်ခန်းစာတွင် အောက်ပါ အကြောင်းအရာတို့နှင့် ပတ်သက်သော အသိပညာ ဗဟုသုတများ တိုးပွားလာစေလိမ့်မည်။**

- ပဋိပက္ခကို နားလည်ရာတွင် သမိုင်း၏ အခန်းကဏ္ဍ
- ဆန္ဒစွဲများကို ဖြစ်ပေါ်စေရာတွင် မီဒီယာ၏ အခန်းကဏ္ဍ
- ပဋိပက္ခတစ်ရပ်အတွင်း ဇာတ်ကောင်များကြားရှိ မတူကွဲပြားသော ဆက်ဆံရေး ပုံစံများ
- ပဋိပက္ခတစ်ရပ်အတွင်းရှိ မတူကွဲပြားသော လိုအပ်ချက်များနှင့် ရည်မှန်းချက် ပန်းတိုင်များ

### ကျွမ်းကျင်မှု စွမ်းရည်များ

**ယခု သင်ခန်းစာတွင် အောက်ပါ နည်းစနစ်များနှင့် ပတ်သက်သော စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေလိမ့်မည်။**

- အချိန်ပြမျဉ်းကို သုံး၍ ပဋိပက္ခ၏ အဓိပ္ပာယ်ဖွင့်ဆိုမှုများကို သရုပ်ခွဲဆန်းစစ်ခြင်း
- ဇာတ်ကောင်များနှင့် ပဋိပက္ခအတွင်း ၎င်းတို့ကြားရှိ ဆက်ဆံရေးများကို လေ့လာ ဖော်ထုတ်ခြင်း
- လိုအပ်ချက်များနှင့် ရည်မှန်းချက်များကို သီးခြားခွဲထုတ်ခြင်း
- မတူကွဲပြားသော ပဋိပက္ခ အခင်းအကျင်းများကို သရုပ်ခွဲ လေ့လာရန် သင့်တော်သော နည်းစနစ်များကို ရွေးချယ်ခြင်း

### စံတန်ဖိုးများ

**ယခု သင်ခန်းစာတွင် အောက်ပါ အကြောင်းအရာတို့ကို ဆင်ခြင်သုံးသပ်လာနိုင်စေလိမ့်မည်။**

- ပဋိပက္ခတစ်မျိုးတည်းကို မတူကွဲပြားသော ရှုထောင့်စုံဖြင့် ရှုမြင်နိုင်ပုံ
- ပဋိပက္ခတစ်ရပ်အတွင်းရှိ ဇာတ်ကောင်များကြား ဆက်ဆံရေးများ ကွဲပြားစွာ ရှိနေကြပုံ
- ပဋိပက္ခတစ်ရပ်အတွင်းရှိ ဇာတ်ကောင်များကြားတွင် ရှိနေသည့် ဘုံတူညီသော လိုအပ်ချက်များ
- လိုအပ်ချက်များကို မပြောဘဲ ရည်မှန်းချက် ပန်းတိုင်များကိုသာ ပြောဆိုကြခြင်း၏ ဆိုးကျိုး











**အကြံပြုသင်ခန်းစာ**

၁။ **သင့်အနေဖြင့် အပျက်သဘော ဆန်သောပဋိပက္ခကို အပြုသဘောဆန်သော ပဋိပက္ခအဖြစ်သို့ ပြောင်းလဲလိုသည် ဆိုပါစို့။ ပဋိပက္ခနှင့် ပတ်သက်၍ ပထမဦးဆုံးအနေဖြင့် မည်သည့်အရာကို သိဖို့ လိုအပ်ပါသနည်း။**

၂။ **ပဋိပက္ခ၏ မည်သည့်အပိုင်းသည် နားလည်ရအခက်ဆုံး အပိုင်း ဖြစ်သနည်း။**

## ၅.၁ – ပဋိပက္ခသရုပ်ခွဲ ဆန်းစစ်ခြင်းဟူသည် အဘယ်နည်း

ယခု သင်ခန်းစာတွင် ပဋိပက္ခများအား သရုပ်ခွဲဆန်းစစ်သည့် နည်းစနစ်များကို လေ့လာမည် ဖြစ်ပါသည်။ အဆိုပါ နည်းစနစ်များသည် ပဋိပက္ခအလွှာမျိုးစုံ၊ ပုံစံမျိုးစုံကို လေ့လာရာတွင် အသုံးပြုနိုင်သော နည်းစနစ်များ ဖြစ်သည်။ ပဋိပက္ခတစ်ရပ်တွင် ပါဝင်ပတ်သက်နေသော ဇာတ်ကောင်များ၊ အဆိုပါ ပဋိပက္ခကို ကြားဝင်စေ့စပ်လိုသော ပုဂ္ဂိုလ်များနှင့် ပဋိပက္ခကို ပိုမိုပြည့်စုံစွာ နားလည်ချဉ်းကပ်ကြည့်လိုသော ပညာရှင်များအနေဖြင့်လည်း အဆိုပါ နည်းစနစ်များကို အသုံးပြုနိုင်ပါသည်။

ပဋိပက္ခသရုပ်ခွဲ ဆန်းစစ်ရေးနည်းစနစ်များသည် ကျွန်ုပ်တို့အား အောက်ပါတို့ကို လုပ်ဆောင်ရာတွင် များစွာ အထောက်အကူပြုပါသည်။

- ပဋိပက္ခတစ်ရပ်၏ နောက်ခံအခြေအနေနှင့် သမိုင်းကြောင်းကို နားလည်အောင်ကြိုးပမ်းခြင်း။
- လတ်တလောဖြစ်ရပ်များနှင့် ပဋိပက္ခနောက်ခံအခြေအနေတို့ကြား ဆက်နွယ်နေပုံကို နားလည်အောင် ကြိုးပမ်းခြင်း။
- ပဋိပက္ခတစ်ရပ်တွင် ပါဝင်ပတ်သက်နေသော ဇာတ်ကောင်များကို ဆန်းစစ်ဖော်ထုတ်ခြင်း။
- ဇာတ်ကောင်အားလုံး၏ ရှုထောင့်အမြင်များနှင့် ဆက်ဆံရေးပုံစံများကို နားလည်အောင် ကြိုးပမ်းခြင်း။
- သတင်းအချက်အလက် ပိုမို လိုအပ်နေသောနေရာများကို ရှာဖွေဖော်ထုတ် သတ်မှတ်ခြင်း။
- အခြေအနေကို ပြောင်းလဲလွှမ်းမိုးနိုင်မည့် အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ် သတ်မှတ်ခြင်း။

ကျွန်ုပ်တို့အနေဖြင့် မည်သို့သော ပဋိပက္ခသရုပ်ခွဲ ဆန်းစစ်ရေးနည်းစနစ်ကို ရွေးချယ်သလဲဆိုသော အချက်သည် ကျွန်ုပ်တို့က မည်သည့် သတင်းအချက်အလက်ကို လိုချင်နေသလဲဆိုသည့် အချက်ပေါ်တွင် မူတည်ပါသည်။

၁။ **ပဋိပက္ခအချိန်ပြမျဉ်း ရေးဆွဲခြင်း** ။ ။ ဤနည်းစနစ်သည် ပဋိပက္ခတစ်ရပ်ရှိ သမိုင်းနောက်ခံဖြစ်ရပ်များနှင့် လတ်တလောဖြစ်ရပ်များကို ဖော်ပြပေးပြီး အဆိုပါ ဖြစ်ရပ်များအပေါ်မတူကွဲပြားသော သက်ဆိုင်ရာ ဇာတ်ကောင်များက မည်ကဲ့သို့ ရှုမြင်ကြပုံကို ဇာတ်ကောင်များနှင့် သရုပ်ခွဲဆန်းစစ်သော ပညာရှင်တို့အား နားလည်နိုင်စေရန် အထောက်အပံ့ ဖြစ်စေပါသည်။

၂။ **ပဋိပက္ခကို မြေပုံဖော်ကြည့်ခြင်း** ။ ။ ဤနည်းစနစ်သည် ဇာတ်ကောင်များနှင့် ပဋိပက္ခတို့ကြား ဆက်နွယ်မှုနှင့် ဇာတ်ကောင်အချင်းချင်းတို့ကြား ဆက်ဆံရေးတို့ကို ဖော်ပြပေးသည်။

၃။ **ပဋိပက္ခ ရေခဲတောင်** ။ ။ ဤနည်းစနစ်သည် ပဋိပက္ခတစ်ရပ်အတွင်း ပါဝင်ပတ်သက်နေသော ဇာတ်ကောင်များအားလုံး၏ ရည်မှန်းချက်ပန်းတိုင်များနှင့် နောက်ကွယ်က လိုအပ်ချက်များ၊ အဆိုပါ ဇာတ်ကောင်များကြားရှိ ဘုံတူညီချက်များကို ပြသပေးသည်။

## ပဋိပက္ခသရုပ်ခွဲ ဆန်းစစ်ရေး နည်းစနစ်များကို အသုံးပြုခြင်း

ပဋိပက္ခသရုပ်ခွဲ ဆန်းစစ်ရေး နည်းစနစ်များသည် ပဋိပက္ခ၏ဘက်အားလုံးမှ ဇာတ်ကောင်များက အဆိုပါ နည်းစနစ်များကို အသုံးပြုကြသည့်အခါမျိုးတွင် ပို၍ အသုံးဝင်ပေသည်။ နည်းစနစ်တစ်ခုချင်းစီသည် အသုံးပြုသော သူတို့အပေါ် မူတည်၍ မတူခြားနားသော ရလဒ်များကို ထွက်ပေါ်လာစေသည်။ ပဋိပက္ခများတွင် "အမှန်တရား" များစွာ ရှိနိုင်ပါသည်။ လေ့လာဆန်းစစ်သော ပညာရှင်များနှင့် ဇာတ်ကောင်များက ပဋိပက္ခသရုပ်ခွဲ ဆန်းစစ်ရေး နည်းစနစ်များကို အသုံးပြုကြသည့်အခါ ၎င်းတို့သည် မိမိတို့အမြင် ရှုထောင့်မှနေ၍ ပြောဆိုနေကြခြင်းသာ ဖြစ်ကြောင်းကို မမေ့ဖို့ လိုပေသည်။ ၎င်းတို့၏ အမြင်ရှုထောင့်များသည် ပြီးပြည့်စုံသော အမှန်တရားတစ်ခု မဟုတ်သေးပေ။ ဇာတ်ကောင်တစ်ဦးချင်းစီက နည်းစနစ်များကို အသုံးပြုကြသည့်အခါ ပဋိပက္ခအပေါ် ၎င်းတို့၏ ကိုယ်ပိုင်နားလည်သိမြင်ပုံကို ရှင်းလင်းတင်ပြနိုင်ရန် အသုံးပြုသင့်ပါသည်။

### လေ့ကျင့်ခန်း

**ဖော်ပြပေးထားသော ပဋိပက္ခတစ်ခုချင်းစီကို သင့်လျော်သော နည်းစနစ်တစ်ခုချင်းစီနှင့် တွဲစပ်ပြပါ။**

၁။ ပဋိပက္ခ အချိန်ပြမျဉ်း ရေးဆွဲခြင်း

၂။ ပဋိပက္ခကို မြေပုံဖော်ကြည့်ခြင်း

၃။ ပဋိပက္ခ ရေခဲတောင်

က။ ဇာတ်ကောင်နှစ်ဦးသည် ၎င်းတို့နယ်မြေအတွင်း ရှိနေသော သယံဇာတအရင်းအမြစ်များကို ခွဲဝေမယူနိုင်ကြပေ။ နယ်မြေပိုင်ဆိုင်ရေးနှင့် ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်နေကြသည်။


ခ။ လူမှုအသိုင်းအဝိုင်းနှစ်ခုကြား ပဋိပက္ခ ဖြစ်ပွားလာခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ ဖြစ်သည်။ ပဋိပက္ခ မည်သို့ စတင်ဖြစ်ပွားခဲ့ပုံကို မည်သူမျှ မမှတ်မိကြသော်လည်း ဖြစ်ရပ်အသစ်များက ပုံမှန်ဆိုသလို မကြာမကြာ ပေါ်ပေါက်လာတတ်ပြီး ပဋိပက္ခအခြေအနေက ပိုမို ဆိုးသည်ထက် ဆိုးလာသည်ကိုမူ လူတိုင်းသိနေကြသည်။

ဂ။ တောင်ပေါ်ဒေသနှင့် နယ်စပ်ဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်းစုံက တော်လှန်တိုက်ခိုက်လျှက် ရှိနေသည်။ မြို့ပေါ်တွင်လည်း ၎င်းတို့ တိုင်းရင်းသား နိုင်ငံရေးပါတီများက လွှတ်တော်ထဲတွင် တိုက်ပွဲဝင်နေကြသည်။

### ပြန်လည်သုံးသပ်ချက်

၁။ သင်ကောင်းစွာ နားမလည်ခဲ့သော ပဋိပက္ခဖြစ်ရပ်မျိုး ရှိခဲ့ဖူးပါသလား။ အဆိုပါ ပဋိပက္ခနှင့် ပတ်သက်၍ သင်မည်သည့်အရာကို သိချင်ခဲ့ပါသနည်း။

၂။ အဆိုပါ နည်းစနစ်များထဲမှ သင့်လူမှုအသိုင်းအဝိုင်းအတွင်းရှိ ပဋိပက္ခအတွက် အသုံးဝင်နိုင်မည့် နည်းစနစ်ပါရှိပါသလား။ မည်သည့်နည်းစနစ်က အသုံးဝင်မည်နည်း။ အဘယ်ကြောင့်နည်း။




အကြိုသင်ခန်းစာ

၁။ ပဋိပက္ခတစ်ရပ်တွင် သမိုင်းကြောင်းက အဘယ်ကြောင့် အရေးပါရသနည်း။

၂။ သက်ဆိုင်ရာ ဇာတ်ကောင်တို့သည် ပဋိပက္ခတစ်ခုနှင့် ပတ်သက်၍ သမိုင်းကြောင်း တစ်ခုတည်းအပေါ် သဘောထားတူညီစွာ ရှိတတ်ကြပါသလား။

## ၅.၂ – ပဋိပက္ခ အချိန်ပြမျဉ်းများ

ပဋိပက္ခ အချိန်ပြမျဉ်းသည် ပဋိပက္ခတစ်ရပ်နှင့်ပတ်သက်သော ဖြစ်ရပ်များကို ဖြစ်ပေါ်သည့် ကာလအစဉ်လိုက် ပြသပေးသည်။ ထို့အပြင် အဆိုပါဖြစ်ရပ်များအပေါ် သက်ဆိုင်ရာ ဇာတ်ကောင်များက မတူခြားနားစွာ နားလည်သိမြင်ပုံတို့ကိုလည်း ဖော်ပြပေးသည်။ လူတို့သည် ဖြစ်ရပ်တစ်ခုတည်းကိုပင် မတူကွဲပြားသော ရှုထောင့်များဖြင့် တွေးထင်ယူဆတတ်ကြသောကြောင့် အဆိုပါအချက်က များစွာ အရေးကြီးပေသည်။

ပဋိပက္ခ အချိန်ပြမျဉ်းသည် ဇာတ်ကောင်တစ်ဦးချင်းစီ၏ ပဋိပက္ခ သမိုင်းနောက်ခံအတွက် အလွန်အရေးပါသော ဖြစ်ရပ်များကို ဆန်းစစ်ဖော်ထုတ်ပေးသည်။ ၎င်းသည် သက်ဆိုင်ရာ ဇာတ်ကောင်တို့ကြား နားလည်မှု ပိုမို ရရှိအောင်လည်း တည်ဆောက်ပေးနိုင်သည်။ သမိုင်းကြောင်းအပေါ် သက်ဆိုင်ရာ ဇာတ်ကောင်တို့၏ မတူကွဲပြားသော ရှုမြင်ယူဆပုံတို့သည် အမှန်တရား၏ တစ်စိတ်တစ်ပိုင်းမျှသာဖြစ်ကြောင်း ပဋိပက္ခ အချိန်ပြမျဉ်းက ဖော်ပြပေးသည်။

ပဋိပက္ခ အချိန်ပြမျဉ်းသည် ကျွန်ုပ်တို့အတွက် အောက်ပါတို့ကို လုပ်ဆောင်ရာတွင် အထောက်အကူပြုပါသည်။

- ဖြစ်ရပ်တစ်ခုတည်းအပေါ် မတူကွဲပြားစွာ ရှုမြင်ကြပုံတို့ကို ဖော်ပြခြင်း။
- ဖြစ်ရပ်များအပေါ် ဇာတ်ကောင်တစ်ဦးချင်းစီက ရှုမြင်ယူဆပုံတို့ကို ပိုမို ရှင်းလင်းစွာ နားလည်အောင် ကြိုးပမ်းခြင်း။
- သက်ဆိုင်ရာ ဇာတ်ကောင်တစ်ဦးချင်းစီအတွက် မည်သည့် ဖြစ်ရပ်က အရေးပါဆုံး ဖြစ်သလဲ ဆိုသည်ကို ဆန်းစစ်ဖော်ထုတ်ခြင်း။

### ပဋိပက္ခ အချိန်ပြမျဉ်း ရေးဆွဲခြင်း

သက်ဆိုင်ရာ ဇာတ်ကောင်တို့သည် ပဋိပက္ခ အချိန်ပြမျဉ်း ရေးဆွဲကြသည့်အခါ ၎င်းတို့အတွက် အရေးပါဆုံးဟု ယူဆသော ဖြစ်ရပ်များကိုသာ ရွေးချယ်ရေးဆွဲလေ့ ရှိကြသည်။ ဖြစ်ရပ်များကို ရွေးချယ်ပြီးနောက် ဇာတ်ကောင်တစ်ဦးချင်းစီက အဆိုပါ ဖြစ်ရပ်များနှင့် ပတ်သက်၍ ၎င်းတို့၏ သိမြင်နားလည်ပုံတို့ကို ဖော်ပြကြသည်။

## လေ့ကျင့်ခန်း


အောက်ပါ ဖော်ပြပေးထားသော ဥပမာအချိန်ပြမျဉ်းကို ကြည့်ရှု၍ ပေးထားသော မေးခွန်းများကို ဖြေဆိုပါ။

၁။ ဖြစ်ရပ် (၁) နှင့် ပတ်သက်၍ မည်သည့် ဇာတ်ကောင်တွင် အပြုသဘောခံစားမှုမျိုး ရှိသနည်း။

၂။ ဖြစ်ရပ် (၂) နှင့် ပတ်သက်၍ ဇာတ်ကောင် (က) က အပြုသဘောအဖြစ် သိမြင်နားလည်ပါသလား သို့မဟုတ် အပျက်သဘောအဖြစ် သိမြင်နားလည်ပါသလား။ ဇာတ်ကောင် (ခ) အနေဖြင့် အဆိုပါ ဖြစ်ရပ်အပေါ် မည်ကဲ့သို့ သိမြင်နားလည်ပါသနည်း။

၃။ ဖုံးခွဲခဲ့သူများကို ဇာတ်ကောင် (က) က မည်သို့ ခေါ်ဝေါ်ခဲ့သနည်း။ ဇာတ်ကောင် (ခ) ကလည်း ဖုံးခွဲခဲ့သူများကို မည်ကဲ့သို့ ခေါ်ဝေါ်ခဲ့သနည်း။ အဆိုပါ စကားလုံးများသည် ဖြစ်ရပ် (၃) ကို နားလည်အောင် ကြည့်ရှုရာတွင် အဘယ်ကြောင့် အရေးပါခဲ့သနည်း။

၄။ ဖြစ်ရပ် (၄) တွင် မည်သည့် ဇာတ်ကောင်များက ဥပဒေအသစ်ကို ထောက်ခံခဲ့ကြသနည်း။ အဘယ်ကြောင့်နည်း။




## လုပ်ငန်းများ

**မီဒီယာတွင် ဖော်ပြခြင်း**

၁။ ဖြစ်ရပ် ၄ – နှင့် ပတ်သက်၍ သတင်းဆောင်းပါးတစ်ပုဒ်ရေးသည် ဆိုကြပါစို့။ အဆိုပါ ဆောင်းပါးကို ရေးသားသူက ဇာတ်ကောင် (က) ဖြစ်မည်ဆိုလျှင် သတင်းခေါင်းစဉ်သည် မည်သို့ ဖြစ်နိုင်မည် ထင်ပါသနည်း။

၂။ အဆိုပါ ဆောင်းပါးကို ရေးသားသူက ဇာတ်ကောင် (ခ) ဖြစ်မည်ဆိုလျှင်လည်း သတင်းခေါင်းစဉ်သည် မည်သို့ ဖြစ်နိုင်မည် ထင်ပါသနည်း။

၃။ သတင်းခေါင်းစဉ်အကြောင်း တစ်တန်းလုံးအနေဖြင့် ဆွေးနွေးပါ။ ဖြစ်ရပ်က တစ်ခုတည်း ဖြစ်သော်လည်း သတင်းခေါင်းစဉ်များ ကွဲပြားနေရခြင်းမှာ အဘယ်ကြောင့်နည်း။

## လေ့ကျင့်ခန်း

သီရိလင်္ကာပြည်တွင်းစစ်၏ အချိန်ပြမျဉ်းကို လေ့လာ၍ ပေးထားသော မေးခွန်းများကို ဖြေဆိုပါ။

၁။ ၁၉၅၆ ခုနှစ် ဇွန်လ ၁၅။ ။ ဆင်ဟာလီဘာသာစကားကို နိုင်ငံတော်၏တရားဝင်ရုံးသုံး ဘာသာစကားအဖြစ် သတ်မှတ်ခဲ့သည်။

ကျ။ ဆင်ဟာလီတိုင်းရင်းသားများက အဆိုပါ သတ်မှတ်ချက်ကို အကောင်း(အပြုသဘော) မြင်ခဲ့သလား သို့မဟုတ် အဆိုး(အပျက်သဘော) မြင်ခဲ့ပါသလား။ အဘယ်ကြောင့်နည်း။

ခ။ တမီးလ်တိုင်းရင်းသားများက အဆိုပါ သတ်မှတ်ချက်ကို အကောင်း (အပြုသဘော) မြင်ခဲ့သလား သို့မဟုတ် အဆိုး (အပျက်သဘော) မြင်ခဲ့ပါသလား။ အဘယ်ကြောင့်နည်း။

၂။ ၁၉၈၁ ခုနှစ် မေလ ၃၁ ။ ။ ဂျက်ဖနာ ပြည်သူ့စာကြည့်တိုက်ကို မီးရှို့ခြင်း။

က။ ဆင်ဟာလီတို့၏ အဆိုအရ စာကြည့်တိုက်မီးရှို့မှုသည် မည်သူတို့တွင် တာဝန်ရှိသနည်း။

ခ။ တမီးလ်တို့၏ အဆိုအရ စာကြည့်တိုက် မီးရှို့မှုသည် မည်သူတို့တွင် တာဝန်ရှိသနည်း။

### သီရိလင်္ကာပြည်တွင်းစစ်မှ ပဋိပက္ခ အချိန်ပြမျဉ်း

ဆင်ဟာလီ အမျိုးသားရေး ဝါဒီများ

တမီးလ်တိုင်းရင်းသား လူမျိုးစုများ

**၁၉၅၆ ခုနှစ် ဇွန်လ ၁၅**
ဆင်ဟာလီ ဘာသာစကားကို နိုင်ငံတော်၏ တရားဝင်ရုံးသုံး ဘာသာစကားအဖြစ် သတ်မှတ်ခဲ့ခြင်း။

- ဆင်ဟာလီ အမျိုးသားရေးဝါဒီများ: နိုင်ငံတော်ရုံးသုံး ဘာသာစကား (ဆင်ဟာလီ ဘာသာစကား) အက်ဥပဒေကို ပြဋ္ဌာန်း၍ ဗြိတိသျှကိုလိုနီတို့၏ အင်္ဂလိပ်ဘာသာစကားသုံးစွဲမှုကို အဆုံးသတ်လိုက်ခြင်းကြောင့် လူများစု ဆင်ဟာလီ လူမျိုးတို့၏ အခွင့်အလမ်းများကို မြှင့်တင်ပေးလာခြင်း။
- တမီးလ်တိုင်းရင်းသား လူမျိုးစုများ: ဆင်ဟာလီတစ်မျိုးတည်းသာ နိုင်ငံတော်ရုံးသုံး ဘာသာစကားအဖြစ် သတ်မှတ်သော ဥပဒေက နိုင်ငံ့လူဦးရေ၏ ၂၉% ရှိသော တမီးလ်လူမျိုးတို့၏ တမီးလ်ဘာသာစကားကို အသိအမှတ်မပြုခြင်းကြောင့် တမီးလ်တို့ ကန့်ကွက်ဆန္ဒပြရာ နှိမ်နင်းခံခဲ့ရခြင်း။

**၁၉၈၁ ခုနှစ် မေလ ၃၁**
ဂျက်ဖနာ ပြည်သူ့ စာကြည့်တိုက် မီးရှို့ခံရခြင်း။

- ဆင်ဟာလီ အမျိုးသားရေးဝါဒီများ: နိုင်ငံတကာ၏ အာရုံစိုက်မှုကို လိုချင်သော တမီးလ်လက်နက်ကိုင် စစ်သွေးကြွများနှင့် မူးနေသော လူအုပ်ကြီးက ဂျက်ဖနာ ပြည်သူ့စာကြည့်တိုက်ကို မီးရှို့လိုက်ခြင်း။
- တမီးလ်တိုင်းရင်းသား လူမျိုးစုများ: ဂျက်ဖနာ ပြည်သူ့စာကြည့်တိုက်ကို အစိုးရတပ်ဖွဲ့များက မီးရှို့လိုက်ခြင်း။ ထိုမီးကြောင့် အစားထိုး မရနိုင်သော တမီးလ်ယဉ်ကျေးမှုနှင့် သမိုင်းအမွေအနှစ်မှတ်တမ်း ၉၇၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရခြင်း။

**၁၉၈၃ ခုနှစ် – ဇူလိုင် ၂၄**
လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှု ဖြစ်ပွားခြင်း။

- ဆင်ဟာလီ အမျိုးသားရေးဝါဒီများ: (က)
- တမီးလ်တိုင်းရင်းသား လူမျိုးစုများ: အနက်ရောင် ဇူလိုင် လူသတ်ပွဲကြီး။ နိုင်ငံတစ်လွှားတွင် တမီးလ်လူမျိုး ၄၀၀ မှ ၃၀၀၀ ကြား သတ်ဖြတ်ခံခဲ့ရခြင်း။ ဆင်ဟာလီ လူအုပ်ကြီးသည် မဲစာရင်း မှတ်ပုံတင်ဖောင်များကို ကြည့်၍ တမီးလ်တို့ကို လိုက်လံရှာဖွေ သတ်ဖြတ်ခဲ့ကြခြင်း။ ရဲတပ်ဖွဲ့နှင့် စစ်တပ်တို့သည် အဆိုပါ အကြမ်းဖက်မှုကြီးကို မတားဆီးသည့်အပြင် တစ်ခါတစ်ရံ ကူညီကြသည်များလည်း ရှိခဲ့ခြင်း။

**၂၀၀၉ ခုနှစ် – မေလ**
သီရိလင်္ကာပြည်တွင်းစစ်၏ နောက်ဆုံးနေ့များ

- ဆင်ဟာလီ အမျိုးသားရေးဝါဒီများ: သီရိလင်္ကာတပ်မတော်သည် တမီးလ် လွတ်မြောက်ရေးတပ်ဖွဲ့ ကျားသူပုန်များကို တိုက်ခိုက်ချေမှုန်းခဲ့ခြင်း။ အစိုးရသည် တမီးလ်အရပ်သားများကို ဘေးကင်းရာသို့ ပို့ဆောင်ပေးခြင်း။
- တမီးလ်တိုင်းရင်းသား လူမျိုးစုများ: (ခ)

## လုပ်ငန်းများ

**ပျောက်ဆုံးနေသော ဖြစ်ရပ်များ**

၁။ ပေးထားသော ဆောင်းပါးကို ဖတ်ရှုပါ။ ထို့နောက် ၁၉၈၃ ခုနှစ်၊ ဇူလိုင်တွင် ဖြစ်ပွားခဲ့သော လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအကြောင်းကို အကျဉ်းချုပ် သရုပ်ဖော် ရေးသားတင်ပြပါ။ ၎င်းကို ပဋိပက္ခ အချိန်ပြမျဉ်း၏ ကွက်လပ် (က) တွင် ဖြည့်ပါ။

### သီရိလင်္ကာနိုင်ငံ လူမျိုးရေး အဓိကရုဏ်းအတွင်း လူပေါင်း ၈၈ ဦး သေဆုံးခဲ့


၁၉၈၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ထုတ် United Herald Press မှ ကောက်နုတ်တင်ပြထားခြင်း ဖြစ်သည်။

ကိုလံဘို၊ သီရိလင်္ကာ – ယနေ့ ရုပ်သံသတင်းတွင် သမ္မတဂျူးနီယပ်စ် စကားပြောခဲ့သည်။ သမ္မတက လူပေါင်း ၈၈ ဦး သေဆုံးစေခဲ့သော ၆ ရက်တာ အဓိကရုဏ်းများကို အဆုံးသတ်ကြရန် တိုက်တွန်းလိုက်သည်။ ဟိန္ဒူဘာသာဝင် တမီးလ်လူမျိုးများနှင့် ဗုဒ္ဓဘာသာဝင် ဆင်ဟာလီ လူမျိုးတို့ကြား ဖြစ်ပွားသော လူမျိုးရေး အကြမ်းဖက်မှုသည် သီရိလင်္ကာကျွန်း နိုင်ငံတစ်ခုလုံးသို့ ပျံ့နှံ့လာခဲ့သည်။

တမီးလ်သူပုန်များက အစိုးရစစ်သားများကို တိုက်ခိုက်ရာမှ အဆိုပါ အဓိကရုဏ်းများ စတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အဓိကရုဏ်းသည် အကျဉ်းထောင်များ အတွင်းသို့ပင် ကူးစက်သွားခဲ့ရာ ဆင်ဟာလီ အကျဉ်းသားများ၏ တိုက်ခိုက်မှုကြောင့် ဗုဒ္ဓဟူးနေ့တွင် တမီးလ်အကျဉ်းသား ၁၇ ဦး သေဆုံးခဲ့ပြီး တနင်္လာနေ့တွင် ၃၅ ဦး သေဆုံးခဲ့သည်။ ထောင်အာဏာပိုင်များက တမီးလ် အကျဉ်းသားများကို အခြား အကျဉ်းထောင်များသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းချိန်တွင် အဓိကရုဏ်း စတင်ဖြစ်ပွားရခြင်း ဖြစ်သည်။ အစိုးရစစ်သားများကို ခေါ်ယူ၍ အဓိကရုဏ်းအား နှိမ်နင်းခဲ့ရသည်။

မြို့တော် ကိုလံဘိုတွင်တမီးလ် လူမျိုးပိုင် နေအိမ်နှင့် ဈေးဆိုင်ပေါင်း ၃၀၀၀ ကျော် တိုက်ခိုက် ဖျက်ဆီးခံခဲ့ရသည်။ မြို့တော်တွင် တမီးလ်ဒုက္ခသည် ၂၀၀၀၀ က ဘေးကင်းလုံခြုံရာနှင့် ခိုလှုံရာနေရာများ ရှာဖွေနေကြသည်။ တမီးလ်အစွန်းရောက်များက သီရိလင်္ကာ မြောက်ပိုင်းကို သီးခြားပြည်နယ်အဖြစ်ပေးရန် တောင်းဆိုကြသည်။ အခြားဒေသများတွင်လည်း တမီးလ်လူမျိုးပိုင် နေအိမ်များနှင့် ဈေးဆိုင်များ မီးရှို့ဖျက်ဆီးခံခဲ့ကြရသည်။

၂။ ပေးထားသော ဆောင်းပါးကို ဖတ်ရှုပါ။ ထို့နောက် ပြည်တွင်းစစ်၏ နောက်ဆုံးနေ့များ အကြောင်းကို အကျဉ်းချုပ် သရုပ်ဖော် ရေးသားတင်ပြပါ။ ၎င်းကို ပဋိပက္ခ အချိန်ပြမျဉ်း၏ ကွက်လပ် (ခ) တွင် ဖြည့်ပါ။




### တစ်ညတာအတွင်း အပြစ်မဲ့အရပ်သား ၂၀၀၀ သတ်ဖြတ်ခံရခြင်း

၂၀၀၉ ခုနှစ် မေလ ၁၀ ရက်၊ တနင်္ဂနွေနေ့ Tamil Net သတင်းမှ ကောက်နုတ် ဖော်ပြသည်။

သီရိလင်္ကာတပ်မတော်သည် "ဘေးကင်းခိုလှုံရာဇုန်" အတွင်းသို့ စနေနေ့ညမှ တနင်္ဂနွေနေ့ မနက်အထိ အမြောက်ကျည်ဆံပေါင်းများစွာ ပစ်ချခဲ့ရာတွင် အပြစ်မဲ့အရပ်သားပေါင်း ၂၀၀၀ သေဆုံးခဲ့ရပြီး သေဆုံးသူအများစုမှာ အမျိုးသမီးနှင့် ကလေးငယ်များ ဖြစ်နေသည်။ နေရာအနှံ့အပြားတွင် လူသေအလောင်းများ ထပ်နေပြီး ဒဏ်ရာရရှိသူ ၈၁၄ ဦးသည် တနင်္ဂနွေနေ့ မနက် ၉ နာရီခန့်တွင် ယာယီဆေးရုံသို့ ရောက်ရှိလာခဲ့သည်။

အရပ်သားများအပေါ် လူသတ်လက်နက်မျိုးစုံ သုံး၍ သတ်ဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ နိုင်ငံတကာဥပဒေအရတားမြစ်ထားသော အတွဲလိုက်ဆင့်ပွားဗုံးများ (Cluster Bombs) ကိုလည်း အပြစ်မဲ့အရပ်သားများကို တိုက်ခိုက်စဉ်အတွင်း အသုံးပြုခဲ့သည်။ ခိုလှုံရာဇုန်သည် လူသတ်ကွင်းဖြစ်လာခဲ့သည်။ သီရိလင်္ကာတပ်မတော်သည် တမီးလ်အရပ်သားများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ရန် စနေ၊ တနင်္ဂနွေနေ့များကို ရွေးချယ်ခဲ့သည်။ အကြောင်းမှာ အဆိုပါ နေ့များတွင် နိုင်ငံတကာက အာရုံစိုက်မှုနည်းသောကြောင့် ဖြစ်သည်။

၃။ ပေးထားသော မေးခွန်းများကို ဖြေဆိုပါ။

က။ အချိန်ပြမျဉ်း၏ ဘယ်ဘက်အခြမ်းသည် ဆင်ဟာလီ (ဇာတ်ကောင် – က) တို့၏ ရှုထောင့်အမြင်ကို ပြသပြီး ညာဘက်အခြမ်းသည် တမီးလ် (ဇာတ်ကောင် – ခ) တို့၏ ရှုထောင့်အမြင်ကို ပြသသည်ဆိုလျှင် အလယ်သည် မည်သည့်အရာကို ပြသသနည်း။

ခ။ အလယ်တွင် ပြသထားသော ဖြစ်ရပ်များသည် ဘေးနှစ်ဖက်စီမှ ဇာတ်ကောင်များက ဖော်ပြသော ဖြစ်ရပ်များနှင့် မည်ကဲ့သို့ ကွာခြားသနည်း။

## မြန်မာ့ရေးရာ – ကျောင်းသားဆန္ဒပြမှု အချိန်ပြမျဉ်း

**ဤအချိန်ပြမျဉ်းသည် အမျိုးသားပညာရေးဥပဒေအပေါ် ကျောင်းသားများ ဆန္ဒပြခဲ့သည့် ဖြစ်စဉ်အတွင်းမှ အရေးပါဆုံးသော ဖြစ်ရပ်များကို ပြသသည့် အချိန်ပြမျဉ်း ဖြစ်သည်။**

**၃၀.၀၉.၂၀၁၄** – အမျိုးသားပညာရေး ဥပဒေကြမ်းကို လွှတ်တော်က ဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့သည်။

**၁၇.၁၁.၂၀၁၄** – ကျောင်းသားများက ပညာရေးဥပဒေကို ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ပေးရန် တောင်းဆိုခဲ့ကြသည်။

**၂၈.၀၁.၂၀၁၅** – ဝန်ကြီးဦးအောင်မင်းက ဆန္ဒပြကျောင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ၎င်းက အစိုးရ၊ လွှတ်တော်၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER) နှင့် ဒီမိုကရေစီပညာရေး ကျောင်းသားလှုပ်ရှားမှု ကော်မတီတို့ကြား လေးပွင့်ဆိုင်ဆွေးနွေးမှု ပြုလုပ်ရန် သဘောတူခဲ့သည်။

**၀၁.၀၂.၂၀၁၅** – ရန်ကုန်တက္ကသိုလ်တွင် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ ကျောင်းသားများက ဆွေးနွေးပွဲဆိုင်ရာမူဘောင် ၁၁ ချက်ကို အဆိုပြုခဲ့ကြပြီး နှစ်ဖက်စလုံးက ၈ ချက်ကို သဘောတူခဲ့ကြသည်။

**၁၄.၀၂.၂၀၁၅** – အစိုးရနှင့် ကျောင်းသားအဖွဲ့အစည်းများကြား အချိန်ကာလအတော်ကြာ ဆွေးနွေးခဲ့ကြပြီးနောက် ပညာရေးဥပဒေအား အစားထိုးနိုင်မည့် ဥပဒေကြမ်းသစ် ရေးဆွဲရန် သဘောတူညီမှု ရရှိခဲ့ကြသည်။

– ကျောင်းသားများက ဆန္ဒပြမှုများ ရပ်တန့်ရန် သဘောတူခဲ့ကြသည်။ ကျောင်းသားအများစုက ချီတက်ဆန္ဒပြမှုကို ရပ်တန့်ပြီး အိမ်ပြန်ခဲ့ကြသည်။

– သဘောတူညီချက် မူကြမ်းတွင် ဆန္ဒပြကျောင်းသားများ၏ အဓိက တောင်းဆိုချက် ၁၁ ချက် ပါဝင်ခဲ့သည်။

**၁၆.၀၂.၂၀၁၅** – ဥပဒေကြမ်းသစ်ကို ဆွေးနွေးရန် လွှတ်တော်သို့ တင်သွင်းခဲ့သည်။

**၂၂.၀၂.၂၀၁၅** – ကျောင်းသားများက အစိုးရအား ဖေဖော်ဝါရီ ၁၄ ရက်နေ့ သဘောတူညီချက်ပါ အချက်များကို ချိုးဖောက်သည်ဟု စွပ်စွဲခဲ့သည်။

**၀၁.၀၃.၂၀၁၅** – ပြည်ထဲရေးဝန်ကြီးက ဆန္ဒပြမှုများ ရပ်တန့်ကြရန်နှင့် မရပ်ပါက အရေးယူဆောင်ရွက်မည်ဟုလည်း သတိပေးသည်။

**၀၅.၀၃.၂၀၁၅** – ကျောင်းသားများနှင့် တက်ကြွလှုပ်ရှားသူများသည် ရန်ကုန်မြို့ဆူးလေဘုရားတွင် စုဝေးကြပြီး လက်ပံတန်းကျောင်းသား ဆန္ဒပြမှုအား အကြမ်းဖက်နှိမ်နင်းခြင်း မပြုရန် တိုက်တွန်း တောင်းဆိုခဲ့ကြသည်။

– အဓိကရုဏ်းနှိမ်နင်းရေးရဲများနှင့် အရပ်ဝတ် စွမ်းအားရှင်များက ဆန္ဒပြမှုအား အကြမ်းဖက်ဖြိုခွင်းခဲ့သည်။ အမျိုးသား ၅ ဦး နှင့်အမျိုးသမီး ၃ ဦး ဖမ်းဆီးခံခဲ့ရသည်။

**၁၀.၀၃.၂၀၁၅** – ပဲခူးတိုင်း၊ လက်ပံတန်းမြို့၌ ကျောင်းသား ၁၀၀ ခန့်သည် ရဲတပ်ဖွဲ့ လုံခြုံရေး အတားအဆီးကို ဖြတ်၍ ရန်ကုန်အထိ ဆက်လက်ချီတက်ခွင့်ရရန် တောင်းဆိုခဲ့သည်။

– နှစ်ဖက်အပြန်အလှန် တိုက်ခိုက်မှုများ စတင်ဖြစ်ပွားသည်။ ရဲတပ်ဖွဲ့အင်အားက ကျောင်းသားအင်အားထက် ၅ ဆ ပိုများသည်။ ရဲတပ်ဖွဲ့က ကျောင်းသားများ ဆန္ဒပြမှုကို အကြမ်းဖက်ဖြိုခွင်းခဲ့သည်။ အဓိကရုဏ်းနှိမ်နင်းရေးရဲများ၏ တိုက်ခိုက်မှုကြောင့် ကျောင်းသားအများစု ထိခိုက်ဒဏ်ရာရရှိ၍ ဖမ်းဆီးခံခဲ့ရသည်။

Source: http://www.irrawaddy.org/burma/timeline-of-student-protests-against-education-law.html

၁။ ဖြစ်ရပ်သုံးခုကို ရွေးချယ်၍ အဆိုပါ ဖြစ်ရပ်များကို ကျောင်းသားတစ်ဦးက ပြန်လည်ရေးသားတင်ပြသည့် ပုံစံဖြင့် သတင်းခေါင်းစဉ်တစ်ခု တပ်ပေးပါ။

၂။ မေးခွန်းနံပါတ် (၁) မှ ဖြစ်ရပ်သုံးခုကိုသာ ပြန်သုံး၍ အဆိုပါ ဖြစ်ရပ်များကို အစိုးရအဖွဲ့ဝင်တစ်ဦးက ပြန်လည်ရေးသားတင်ပြသည့် ပုံစံဖြင့် သတင်းခေါင်းစဉ်တစ်ခု ရေးပေးပါ။

၃။ အဆိုပါ ဖြစ်ရပ်များနှင့် ပတ်သက်၍ ဧရာဝတီသတင်းမီဒီယာ၏ ယခု တင်ပြပုံသည် ကျောင်းသားများဘက်သို့ ထောက်ခံနေသယောင် ဖြစ်နေပါသလား သို့မဟုတ် အစိုးရဘက်သို့ ထောက်ခံသယောင် ဖြစ်နေပါသလား။

## လုပ်ငန်းများ

**ပဋိပက္ခ အချိန်ပြမျဉ်းတစ်ခု ဖန်တီး ရေးဆွဲပါ**


၁။ အဖွဲ့များ ဖွဲ့၍ သင်တို့ သရုပ်ခွဲဆန်းစစ်လိုသော ပဋိပက္ခတစ်ရပ်ကို အဖွဲ့လိုက် ရွေးချယ်ပါ။ ပါဝင်ပတ်သက်သော အဓိကဇာတ်ကောင်များကို ဆန်းစစ်ဖော်ထုတ်ပါ။

၂။ အဆိုပါ ပဋိပက္ခအတွင်းမှ အရေးပါသော ဖြစ်ရပ်များကို ဆွဲထုတ်ပါ။ ၎င်းတို့သည် အနည်းဆုံး ဇာတ်ကောင်တစ်ဦးဦးက အရေးပါသည်ဟု ယူဆထားသော ဖြစ်ရပ်မျိုး ဖြစ်ရမည်။

၃။ စာရွက်ကြီး တစ်ရွက်ပေါ်တွင် ဒေါင်လိုက်ဇယားကွက် ၃ ကွက် ချဆွဲပါ။ အလယ်ကွက်တွင် ဖြစ်ရပ်များကို ဖြစ်ပွားသည့် အစဉ်လိုက် ချရေးပါ။ ဖြစ်ရပ်များကို နှစ်ဖက်စလုံးမှ ဇာတ်ကောင်များ လက်ခံနိုင်မည့် စကားလုံးများဖြင့် ဖော်ပြပါ။

၄။ ဘယ်ဘက်ဇယားကွက်တွင် ဇာတ်ကောင် (က) က ဖြစ်ရပ်များအပေါ် ရှုမြင်ပုံကို ဖော်ပြပါ။ ညာဘက်ဇယားကွက်တွင် ဇာတ်ကောင် (ခ) က ဖြစ်ရပ်များအပေါ် ရှုမြင်ပုံကို ဖော်ပြပါ။ အဆိုပါ ပဋိပက္ခကို သုတေသနပြုလုပ်ရန် လိုအပ်ပါက အင်တာနက် သို့မဟုတ် သတင်းစာတို့ကို အသုံးပြုနိုင်ပါသည်။

၅။ ရလဒ်များကို နှိုင်းယှဉ်လေ့လာပါ။ ဇာတ်ကောင်များ၏ ရှုမြင်ပုံများတွင် မည်သည့် အချက်များက တူညီ၍ မည်သည့်အချက်များက ကွာခြားသနည်း။




## ဆွေးနွေးချက်

၁။ သင့်အနေဖြင့် လူတစ်ယောက်ယောက်နှင့် ပဋိပက္ခဖြစ်ခဲ့ဖူးသော ကာလတစ်ခုကို ပြန်စဉ်းစားကြည့်ပါ။ ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်နှင့် ပတ်သက်၍ သင်၏အမြင်နှင့် ထိုသူ၏ အမြင်တို့ကြား မည်သို့ ကွဲပြားခဲ့သနည်း။

၂။ ပဋိပက္ခတွင် ပါဝင်ပတ်သက်သော ဇာတ်ကောင်တို့သည် ဖြစ်ရပ်များအပေါ် မတူကွဲပြားသော ရှုထောင့်များမှ ရှုမြင်နားလည်ကြသည်။ ၎င်းသည် ပဋိပက္ခကို ဖြေရှင်းရန် အဘယ်ကြောင့် ပိုမို ခက်ခဲစေပါသနည်း။

၃။ မတူကွဲပြားသော ရှုထောင့်များကို သိရှိနားလည်ထားခြင်းဖြင့် မည်သည့် အကျိုးကျေးဇူးများကို ရရှိစေသနည်း။

၄။ သတင်းမီဒီယာများသည် ပဋိပက္ခအတွင်း လူတို့အပေါ် မည်ကဲ့သို့ လွှမ်းမိုးသနည်း။

၅။ ပဋိပက္ခတစ်ရပ်ကို ဖော်ပြရာတွင် ရွေးချယ်သုံးနှုန်းသော စကားလုံးများသည် အဆိုပါ ပဋိပက္ခနှင့် ပတ်သက်၍ လူတို့၏ နားလည်မှုအပေါ် မည်သို့ သက်ရောက်မှု ရှိသနည်း။

အကြိုသင်ခန်းစာ

၁။ ပဋိပက္ခများတွင် ပါဝင် ပတ်သက်နေသော ဇာတ်ကောင် အားလုံးကို ရှင်းလင်းစွာ မြင်ရလေ့ ရှိပါသလား။ ၎င်းတို့အချင်းချင်းကြား ဆက်ဆံရေး ပုံစံကိုလည်း ရှင်းလင်းစွာ မြင်ရလေ့ ရှိပါသလား။

၂။ မည်သူတို့က ဇာတ်ကောင် အဖြစ် ပါဝင်ပတ်သက်နေကြသလဲ ဆိုသည်ကို နားလည်ရန် အဘယ်ကြောင့် အရေးကြီးရသနည်း။

၃။ ဇာတ်ကောင်အချင်းချင်းကြား ဆက်ဆံရေးပုံစံကို နားလည်ရန် အဘယ်ကြောင့် အရေးကြီးရသနည်း။

# ၅.၃ – ပဋိပက္ခကို မြေပုံဖော်ကြည့်ခြင်း

ပဋိပက္ခကို မြေပုံဖော်ကြည့်သည့် နည်းစနစ်သည် ပဋိပက္ခတစ်ရပ်အတွင်း ပါဝင်ပတ်သက်နေသော ဇာတ်ကောင်တို့ကြား အချိန်ကာလတစ်ခုက ဆက်နွယ်ခဲ့ပုံများကို သရုပ်ခွဲဆန်းစစ်ရာတွင် အသုံးပြုသည့် နည်းစနစ် ဖြစ်သည်။ ၎င်းသည် ပထဝီဒေသပြ မြေပုံနှင့် အလားသဏ္ဌာန်တူသည်။ ပထဝီဒေသပြ မြေပုံသည် နိုင်ငံတစ်နိုင်ငံ၏ မြို့များနှင့် ၎င်းတို့ကြား ဆက်သွယ်ပေးထားသော ကားလမ်း၊ ရထားလမ်းနှင့် မြစ်ကြောင်းများကို ဖော်ပြပေးလေ့ရှိသည်။ ပဋိပက္ခမြေပုံကမူ ပဋိပက္ခအတွင်း ပါဝင်ပတ်သက်နေသော ဇာတ်ကောင်များနှင့် ၎င်းတို့အချင်းချင်းကြားရှိနေသော ဆက်နွယ်ပုံများကို ဖော်ပြပေးသည်။

ပဋိပက္ခကို မြေပုံဖော်ကြည့်သည့် နည်းစနစ်သည် အောက်ပါတို့ကို လုပ်ဆောင်ရာတွင် အထောက်အကူ ဖြစ်စေပါသည်။









- ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသော ဇာတ်ကောင်တို့ကြား ဆက်နွယ်မှုကို ပို၍ ရှင်းလင်းစွာ မြင်နိုင်အောင် ကြိုးပမ်းခြင်း။
- မည်သည့် ဇာတ်ကောင်များတွင် ပါဝါရှိကြသည်၊ အခြားသူတို့နှင့် နှိုင်းယှဉ်၍ ၎င်းတို့တွင် ပါဝါ မည်မျှအထိ ရှိကြသည် ဆိုသည်ကို နားလည်သိမြင်အောင် ကြိုးပမ်းခြင်း။
- မဟာမိတ်များ သို့မဟုတ် ဖြစ်နိုင်သော မဟာမိတ်များကို ဆန်းစစ် ဖော်ထုတ်ကြည့်ခြင်း။
- ကြားဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ သို့မဟုတ် လှုပ်ရှားဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆန်းစစ်ဖော်ထုတ်ကြည့်ခြင်း။

## ပဋိပက္ခ မြေပုံ ဆွဲကြည့်ခြင်း

ပဋိပက္ခမြေပုံသည် ပဋိပက္ခဖြစ်စဉ်တစ်ခုလုံးကို မဟုတ်ဘဲ ပဋိပက္ခ၏ အစိတ်အပိုင်းများကိုသာ အာရုံစိုက်သင့်ပါသည်။ ဒေသတစ်ခု၏ နိုင်ငံရေးပဋိပက္ခတစ်ရပ်ကို အသေးစိတ်မြေပုံ ဖော်ကြည့်ခြင်းသည် များစွာအချိန်ကြာနိုင်ပြီး များစွာလည်း ရှုပ်ထွေးနိုင်သောကြောင့် အမှန်တကယ် အထောက်အပံ့ ဖြစ်စေလိမ့်မည် မဟုတ်ပေ။

သင့်အနေဖြင့် ပဋိပက္ခ မြေပုံဖော်ကြည့်သည့်စနစ်ကို အသုံးပြုမည်ဆိုပါက သင်ကိုယ်တိုင်နှင့် သင်၏ အဖွဲ့အစည်းကိုသာ မြေပုံပေါ်တွင် ထည့်သွင်းသင့်ပါသည်။ အကြောင်းမှာ သင့်အနေဖြင့် ပဋိပက္ခကို သရုပ်ခွဲဆန်းစစ်သည့်အခါ သင်ကိုယ်တိုင်သည်လည်း အခြေအနေ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်လာသောကြောင့် ဖြစ်သည်။ ပဋိပက္ခမြေပုံပေါ်တွင် သင့်ကိုယ်သင် ထည့်သွင်း ကြည့်လိုက်ခြင်းအားဖြင့် သင်ကိုယ်တိုင် သင်နှင့် ပဋိပက္ခတို့ကြား ဆက်နွယ်မှုကို ပိုမို နားလည်လာစေနိုင်သည်။

## ပဋိပက္ခမြေပုံတွင် အသုံးပြုသော သင်္ကေတများ

| | | | |
|---|---|---|---|
| စက်ဝိုင်းများက မတူကွဲပြားသော ဇာတ်ကောင်များကို ပြသပြီး စက်ဝိုင်းအရွယ်အစားက ပဋိပက္ခတစ်ရပ်အတွင်း ဇာတ်ကောင်တစ်ကောင်ချင်းစီတွင်ရှိသော သြဇာအာဏာများ၊ ပါဝါများကို ပြသပေးသည်။ |  | အပြည့်မျဉ်းကြောင်းက ရင်းနှီးသော ဆက်ဆံရေး (ဆက်နွယ်မှု) ကို ပြသည်။ |  |
| နှစ်ထပ်မျဉ်းသည် မဟာမိတ်ဖြစ်ခြင်းကို ပြသည်။ |  | အစက်အပြောက်မျဉ်းသည် အားနည်းသော ဆက်ဆံရေးကို ပြသည်။ |  |
| မျဉ်းတွန့်သည် ပဋိပက္ခကို ပြသည်။ |  | မျဉ်းကောက်သည် အကြမ်းဖက်မှုပါသော ပဋိပက္ခကို ပြသည်။ |  |
| မြှားသည် ဇာတ်ကောင်တစ်ဦးက အခြားဇာတ်ကောင်တစ်ဦးအပေါ် လွှမ်းမိုးမှုကို ပြသည်။ |  | တြိဂံသည် ပဋိပက္ခတွင် တိုက်ရိုက်မပါဝင်သော အပြုသဘော ပါဝင်ကူညီနိုင်ခြေရှိသော ဇာတ်ကောင်ကို ပြသည်။ |  |

### လေ့ကျင့်ခန်း


အောက်ပါ ပဋိပက္ခမြေပုံကို ကြည့်၍ ပေးထားသော မေးခွန်းများကို ဖြေဆိုပါ။

၁။ ပဋိပက္ခတွင် မည်သည့် ဇာတ်ကောင်က သြဇာအာဏာအရှိဆုံး ဖြစ်နေသနည်း။

၂။ ဇာတ်ကောင် (ဂ) နှင့် (ဃ) တို့ကြားတွင် မည်သို့သော ဆက်ဆံရေးမျိုး ရှိသနည်း။

၃။ မည်သည့် ဇာတ်ကောင်များက ပဋိပက္ခ ဖြစ်နေကြသနည်း။ ပဋိပက္ခသည် အကြမ်းဖက်မှု ရှိပါသလား။

၄။ ဇာတ်ကောင် (ခ) သည် ပဋိပက္ခဖြစ်နေသော ဇာတ်ကောင်များကြားတွင် ကြားဝင်ညှိနှိုင်းဆွေးနွေးမှု ကောင်းစွာ ပြုလုပ်ပေးနိုင်မည့် ဇာတ်ကောင် ဖြစ်နိုင်ပါမည်လား။ အဘယ်ကြောင့် ဖြစ်နိုင်ပါသနည်း၊ သို့မဟုတ် မဖြစ်နိုင်ပါသနည်း။



## လေ့ကျင့်ခန်း

အောက်ပါ အခြေအနေတစ်ရပ်ချင်းစီအတွက် သင်အသုံးပြုမည့် သင်္ကေတများကို ရေးဆွဲပါ။

၁။ ပန်းကန်တွေကို ဘယ်သူ ဆေးသင့်သလဲဆိုသည့် ကိစ္စနှင့် ပတ်သက်၍ သင်နှင့် သင့်အစ်ကိုတို့ အချင်းများကြသည်။ သူက သင့်ဒူးကို ခြေထောက်နှင့် ဆောင့်ကန်သည်။

၂။ သင်၏ အိမ်နီးချင်းများသည် ၎င်းတို့ အိမ်နှစ်အိမ်ကြား ခြံစည်းရိုးတွင် ပေါက်နေသော သရက်ပင်ကို သူပိုင်သင့်သည် ငါပိုင်သင့်သည်ဆိုပြီး အငြင်းပွား ရန်ဖြစ်နေကြသည်။ သင်၏ ဖခင်မှာ ရွာ၏ လူကြီးဖြစ်သဖြင့် အဆိုပါ အငြင်းပွားမှုကို ကြားဝင်ဖြေရှင်းပေးရန် ၎င်းတို့က တောင်းဆိုကြသည်။

၃။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ တစ်ဖွဲ့သည် သင်၏ မြို့နယ်တွင်းသို့ ဝင်လာသည်။ ထို့ကြောင့် အစိုးရက သင်တို့ မြို့နယ်သို့ နောက်ထပ် စစ်သည်များ ထပ်မံစေလွှတ်လိုက်ပြီး အဆိုပါ စစ်သည်များက စစ်စခန်းတစ်ခု စတင်ဆောက်လုပ်လာသည်။ မြို့နယ်တာဝန်ရှိသူများသည် အစိုးရတပ်မတော်အရာရှိများနှင့်သာ ပြောဆိုဆက်ဆံမှု ပြုကြသည်။

## လုပ်ငန်းများ

**ပဋိပက္ခမြေပုံ ရေးဆွဲခြင်း**

ပဋိပက္ခတစ်ရပ်ချင်းစီမှ မတူကွဲပြားသော ဇာတ်ကောင်များကြား ရှိနေသော ဆက်ဆံရေးများကို ဖော်ပြသည့် ပဋိပက္ခ မြေပုံတစ်ခု ရေးဆွဲပါ။

၁။ ဆယ်ကျော်သက်ကောင်လေးတစ်စုသည် ၎င်းတို့ထက် ငယ်သော ကောင်လေးနှစ်ယောက်အား လိင်တူချစ်သူများဟု ယူဆပြီး ရိုက်နှက်ကြသည်။ အရိုက်ခံရသော ကောင်လေးများ၏ အစ်ကိုများက ရိုက်နှက်သော ကောင်လေးများ ဒုက္ခရောက်စေရန် ၎င်းတို့ ဩဇာအရှိန်အဝါကို သုံး၍ ကျေးရွာ လူကြီးအား ဖိအားပေးသည်။ အရိုက်ခံရသော ကောင်လေးများ၏ အစ်ကိုများ ကျေးရွာလူကြီးထံ သွားရောက်ပြီးနောက် ပေါ်ပေါက်လာသည့် ပဋိပက္ခနှင့် ပတ်သက်၍ မြေပုံတစ်ခု ရေးဆွဲပါ။

၂။ တိုင်းရင်းသားလူမျိုးစုတစ်စုသည် မြစ်ဝှမ်းဒေသကို ကျယ်ကျယ်ပြန့်ပြန့် ထိန်းချုပ်နိုင်ရေးအတွက် အစိုးရကို တော်လှန်တိုက်ခိုက်သည်။ နောက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများကြား သဘောထားကွဲလွဲကြပြီး ဘာသာရေးအလိုက် အုပ်စုများ ကွဲကန်တော့သည်။ အဆိုပါ တိုင်းရင်းသားလူမျိုးစုအတွင်း၌ အချို့သည် ခရစ်ယာန်များဖြစ်၍ အချို့သည် မွတ်ဆလင်များ ဖြစ်ကြသည်။ ခရစ်ယာန်အုပ်စုက နိုင်ငံအတွင်းရှိ အခြားဒေသမှ ခရစ်ယာန်အုပ်စုတစ်စုနှင့် မဟာမိတ်ဖွဲ့လိုက်ကြသည်။ ထိုကဲ့သို့ မဟာမိတ်ဖွဲ့လိုက်ပြီးနောက် ပေါ်ထွက်လာသည့် ပဋိပက္ခသရုပ်ကို မြေပုံတစ်ခု ရေးဆွဲပြပါ။

## မြန်မာ့ရေးရာ – ဖားကန့် ပဋိပက္ခ

မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့ကြား ဖြစ်ပွားသော ပဋိပက္ခကြောင့် ကချင်ပြည်နယ် အနောက်ဘက် ကျောက်စိမ်းထွက်ရှိရာဒေသဖြစ်သော ဖားကန့်ဒေသမှ အရပ်သားထောင်ပေါင်းများစွာမှာ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။

ကုလသမဂ္ဂအဖွဲ့၏ ခန့်မှန်းချက်အရ ပြည်တွင်းနေရပ် စွန့်ခွာထွက်ပြေးသူ (IDPs) ၄၁၀၀ သည် ဖားကန့်ဒေသရှိ ယာယီခိုလှုံရေး စခန်း ၂၄ ခု တွင် နေထိုင်နေရကြောင်း သိရသည်။

တိုက်ပွဲများ ဖြစ်ပွားနေမှုကြောင့် ကုလသမဂ္ဂနှင့် NGO များအတွက် နေရပ်စွန့်ခွာ ထွက်ပြေးသူ (IDPs) များထံသို့ သွားရောက်နိုင်ရန် အခက်အခဲများ ရှိနေသည်။ ဒေသတွင်း ဘာသာရေး အဖွဲ့အစည်းများကသာ အစားအစာနှင့် အခြားအကူအညီများ စီစဉ်ထောက်ပံ့ပေးနေရသည်။ သို့သော် ဘုရားကျောင်းများနှင့် ဘုန်းကြီးကျောင်းများသည် နေရပ်စွန့်ခွာ ထွက်ပြေးသူ ဒုက္ခသည်အားလုံးကို ကူညီထောက်ပံ့ပေးနိုင်သော အင်အား မရှိကြချေ။

ဖားကန့်သည် ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းထွက်ရှိရာဒေသ ဖြစ်သည်။ ၁၉၆၁ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ကာလတစ်လျှောက်လုံး မြန်မာ့တပ်မတော်နှင့် ကေအိုင်အိုတို့ကြားတွင် တိုက်ပွဲများ ဆက်တိုက် ဖြစ်ပွားခဲ့သည်။ ကေအိုင်အိုက ဖားကန့်ကျောက်စိမ်းတွင်း အများစုကို ထိန်းချုပ်ထားသည်။ ထိုသို့ ထိန်းချုပ်ထားနိုင်သောကြောင့် ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့ ကေအိုင်အေအတွက် ငွေကြေးအမြောက်အမြား သုံးစွဲနိုင်ခဲ့သည်။ သို့သော် ၁၉၉၄ ခုနှစ်တွင် ကေအိုင်အိုသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ကျောက်စိမ်းဖြင့် ပိုက်ဆံရှာခြင်းကို ရပ်တန့်ရန် သဘောတူခဲ့သည်။

အပစ်ရပ်ကာလများအတွင်း ကျောက်စိမ်းရောင်းချမှုမှ ရရှိသည့် အကျိုးအမြတ်များကို မြန်မာအစိုးရက ရရှိခဲ့သည်။ သို့သော် အပစ်အခတ်ရပ်စဲမှု အဆုံးသတ်သွားခဲ့သော ၂၀၁၁ ခုနှစ်တွင် အစိုးရ၏ ကျောက်စိမ်းရောင်းချမှုသည်လည်း အဆုံးသတ်သွားခဲ့သည်။ ယခုအခါ ကေအိုင်အိုသည် ဖားကန့်ဒေသတွင် ကျောက်စိမ်းတူး၍ ပိုက်ဆံရှာခြင်း လုပ်ငန်းများကို ပြန်လည် လုပ်ဆောင်လျက် ရှိသည်။

မေလတွင် မြန်မာ့တပ်မတော်က ဖားကန့်ဒေသမှ ကျောက်စိမ်းတွင်းတူးသော စက်ယန္တရားများအားလုံး ပြန်လည်ရုပ်သိမ်းရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ကေအိုင်အိုက စက်ယန္တရား ကုမ္ပဏီများအား အဆိုပါ အမိန့်ကို မလိုက်နာရန် ပြောကြားခဲ့သည်။ အချို့ယန္တရားများက ဖားကန့်တွင် ရှိနေဆဲဖြစ်ပြီး နေရာအများအပြားတွင် ကေအိုင်အို၏ ထိန်းချုပ်မှုအောက်မှနေ၍ ကျောက်စိမ်းတူးဖော်ခြင်း လုပ်ငန်းများ ဆက်လက် လုပ်ဆောင်နေဆဲ ဖြစ်သည်။

အစိုးရနှင့် ပတ်သက်ဆက်နွယ်မှုရှိသော ချမ်းသာသည့် စီးပွားရေးလုပ်ငန်း အများအပြားသည်လည်း အဆိုပါ ကျောက်စိမ်း တူးဖော်ခြင်း လုပ်ငန်းများတွင် ပါဝင်ပတ်သက်လျက် ရှိနေသည်။ အပစ်အခတ်ရပ်စဲမှု အဆုံးမသတ်မီက ဖားကန့်နှင့် လုံးခင်းမြို့နယ်တို့တွင် ကျောက်စိမ်းတူးသော ကုမ္ပဏီပေါင်း ၇၀၀ ခန့် ရှိခဲ့သည်။ ဖားကန့်က ကေအိုင်အို ထိန်းချုပ်မှုအောက်တွင် ရှိနေလျှင် ၎င်းတို့အတွက် စီးပွားရေး အကျိုးအမြတ် ထိခိုက်စေပါသည်။

သို့သော် ပဋိပက္ခသည် အသေးစားကုန်သည်များကိုလည်း ထိခိုက်စေခဲ့သည်။ မန္တလေးမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ယခုကဲ့သို့ ပြောသည်။ "လွန်ခဲ့တဲ့ လအနည်းငယ်လောက်ကဆိုရင် အပတ်စဉ် တရုတ်ကုန်သည် ၁၀ ဦးလောက် ဈေးကွက်ထဲ အမြဲလာလေ့ ရှိခဲ့တယ်။ ဒါပေမယ့် အခုကျတော့ ဒီကို တစ်လမှ ကုန်သည် လေးငါးယောက်လောက်ပဲ လာတော့တယ်။"

ဖားကန့်ကျောက်စိမ်းတွင်းများသည် လုပ်ငန်းခွင် အခြေအနေ လုံခြုံစိတ်ချရမှု မရှိခြင်းနှင့် ပတ်သက်၍ နာမည်ကြီးသည်။ ကျောက်စိမ်းတွင်း မန်နေဂျာအများစုက ၎င်းတို့၏ ဝန်ထမ်းများကို မူးယစ်ဆေးဝါးပေး၍ ခိုင်းစေကြသည်ဟူ၍လည်း သတင်းထွက်ကြသည်။ မိုင်းတွင်း အလုပ်သမားများ၏ မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ဖားကန့်တွင် နေထိုင်အလုပ်လုပ်ကြသော လိင်ဖျော်ဖြေရေးလုပ်သား အများအပြား ရှိနေမှုတို့သည် အာရှ၏ အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ် ဖြစ်ပွားမှုနှုန်း အမြင့်ဆုံးဒေသများထဲတွင် ဖားကန့်ဒေသ ပါဝင်လာရခြင်း၏ အဓိက အကြောင်းအရင်းကြီး နှစ်ခုဖြစ်သည်။

Sources: http://www.irrawaddy.org/conflict/conflict-adding-to-hpakants-misery.html
http://www.irrawaddy.org/business/jade-sales-dwindle-amid-conflict-and-chinese-anti-graft-campaign.html

၁။ အဆိုပါ ပဋိပက္ခတွင် မည်သူတို့က ဇာတ်ကောင်များအဖြစ် ပါဝင်ပတ်သက်နေသနည်း။

၂။ အဆိုပါ ပဋိပက္ခတွင် မည်သူတို့က အရံဇာတ်ကောင်များအဖြစ် ပါဝင်ပတ်သက်နေသနည်း။

၃။ ပဋိပက္ခသည် အကြမ်းဖက်မှု ရှိပါသလား။

၄။ အဆိုပါ ပဋိပက္ခကို ဖြစ်ပွားစေသော အဓိကပြဿနာအကြောင်းအရင်းမှာ အဘယ်နည်း။ အဓိကပြဿနာက တစ်ခုထက်မက ရှိနေပါသလား။

၅။ အဆိုပါ ပဋိပက္ခနှင့် ပတ်သက်၍ မြေပုံတစ်ခု ရေးဆွဲပါ။

## လုပ်ငန်းများ

**ပဋိပက္ခမြေပုံတစ်ခု ဖန်တီးခြင်း**

၁။ အချိန်ကာလတစ်ခုခုက ဖြစ်ပျက်ခဲ့သော ပဋိပက္ခတစ်ရပ်ကို အဖွဲ့လိုက် ရွေးချယ်ပါ။

၂။ ပဋိပက္ခမြေပုံတစ်ခုအား သင်တို့အနေဖြင့် မည်သည့် ရှုထောင့်က ဖန်တီးချင်သလဲ ဆိုသည်ကို ရွေးချယ်ဆုံးဖြတ်ပါ။ သင်ကိုယ်တိုင် သို့မဟုတ် သင့်အဖွဲ့အစည်းကိုလည်း အဆိုပါ မြေပုံပေါ်တွင် ထည့်သွင်း ရေးဆွဲရန် မမေ့ပါနှင့်။

၃။ မြေပုံရေးဆွဲသောအခါ အောက်ပါ မေးခွန်းများကို သင့်ကိုယ်သင် ပြန်မေးကြည့်ပါ။

က။ အဆိုပါ ပဋိပက္ခတွင် မည်သူတို့က အဓိကဇာတ်ကောင်များအဖြစ် ပါဝင်ပတ်သက်နေသနည်း။

ခ။ အဆိုပါ ပဋိပက္ခတွင် (ဖယ်ထုတ်ခံအုပ်စုများ အပါအဝင်) မည်သူတို့က အရံဇာတ်ကောင်များအဖြစ် ပါဝင်ပတ်သက်နေသနည်း။

ဂ။ အဆိုပါ ဇာတ်ကောင်အားလုံးကြား ဆက်ဆံရေးက မည်သို့ ရှိသနည်း။ ၎င်းဆက်ဆံရေးများကို မည်သည့် ပုံစံဖြင့် ဖော်ပြနိုင်ပါသနည်း။ မဟာမိတ်ဖွဲ့မှု၊ ရင်းနှီးသော ထိတွေ့ဆက်ဆံရေးရှိမှု၊ ပျက်ယွင်းသွားသော ဆက်ဆံရေးနှင့် ထိပ်တိုက်ရင်ဆိုင်မှု စသည်တို့ကို စဉ်းစားပါ။ (အကြမ်းဖက်သော ပဋိပက္ခ၊ အကြမ်းမဖက်သော ပဋိပက္ခ)

ဃ။ အဆိုပါ ဇာတ်ကောင်များကြားတွင် မြေပုံပေါ်၌ ဖော်ပြသင့်သော အဓိကပြဿနာများ ရှိနေပါသလား။ (ရှိလျှင် လေးထောင့်ကွက်၌ ရေးသား ဖော်ပြပါ။)

င။ သင် သို့မဟုတ်/နှင့် သင့်အဖွဲ့အစည်းသည် အဆိုပါ ဇာတ်ကောင်များနှင့် ဆက်နွယ်မှုမှာ မည်သည့်နေရာတွင် ရှိနေပါသနည်း။ သင် သို့မဟုတ်/နှင့် သင့်အဖွဲ့အစည်းသည် အဆိုပါ ပဋိပက္ခတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိနိုင်စေသော ဆက်ဆံရေးမျိုး (ဆက်နွယ်ပတ်သက်မှုမျိုး) ရှိပါသလား။



▲ Ekif;wify#yduf@;onfvlyk&f;wify#yduf@Ofay:rnf;b/ ouf&muf&ef

## ဆွေးနွေးချက်

၁။ ပဋိပက္ခမြေပုံတွင် မည်သို့သော အားသာချက်များနှင့် အားနည်းချက်များ ရှိနေသနည်း။

၂။ ပဋိပက္ခတစ်ရပ်တွင် ပါဝင်ပတ်သက်သော ဇာတ်ကောင်အားလုံးကို ပဋိပက္ခမြေပုံ တစ်ခုတည်းပေါ်တွင် ထည့်သွင်းရန် ဖြစ်နိုင်ပါသလား။ အဘယ်ကြောင့် ဖြစ်နိုင်ပါသနည်း သို့မဟုတ် မဖြစ်နိုင်ရသနည်း။

၃။ မတူကွဲပြားသော ဇာတ်ကောင်မျိုးစုံတို့၏ အမြင်သဘောထားများ၊ ရှုထောင့်များသည် ပဋိပက္ခမြေပုံ ရေးဆွဲရသည့် ပုံစံအပေါ် မည်သို့ သက်ရောက်မှု ရှိစေပါသနည်း။ ၎င်းကို ရှောင်လွှဲရန် ဖြစ်နိုင်ပါသလား။


# ၅.၄ – ပဋိပက္ခ ရေခဲတောင်

ပဋိပက္ခ ရေခဲတောင် နည်းစနစ်သည် ပဋိပက္ခတစ်ရပ်တွင် ပါဝင်ပတ်သက်နေသော ဇာတ်ကောင်တို့အား ၎င်းတို့၏ လိုအပ်ချက်များနှင့် ရည်မှန်းချက်ပန်းတိုင်များကို ဆန်းစစ်ဖော်ထုတ်နိုင်ရန် အထောက်အကူ ဖြစ်စေပါသည်။ ရည်မှန်းချက်ဆိုသည်မှာ ဇာတ်ကောင်တစ်ဦးက ၎င်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် အားထုတ်သည့်နည်းပင် ဖြစ်သည်။ ဥပမာ – စားစရာလိုအပ်ချက် (အသက်ရှင်သန်ရေး လိုအပ်ချက်) ရှိနေသော လူတစ်ယောက်သည် သစ်သီးတစ်လုံးကို ခူးစားရန် ကြိုးစားနိုင်သလို လက်ဖက်ရည်ဆိုင်သို့သွားရန် ကြိုးစားသည်မျိုးလည်း ရှိနိုင်သည်။ ၎င်းတို့သည် ရည်မှန်းချက်ပန်းတိုင်များ ဖြစ်သည်။ ရည်မှန်းချက် ပန်းတိုင်များသည် ရေခဲတောင်၏ ထိပ်ဆုံးတွင် ရှိနေသည်။ ၎င်းတို့သည် ကျွန်ုပ်တို့အနေဖြင့် အလွယ်တကူ မြင်နိုင်ကြားနိုင်သော အရာများဖြစ်သည်။ လိုအပ်ချက်များကမူ ရေအောက်ရေခဲတောင် အောက်ခြေပိုင်းတွင် ရှိနေသောအရာများ ဖြစ်သည်။ ၎င်းတို့သည် ပဋိပက္ခတစ်ရပ်တွင် မြင်နိုင်ကြားနိုင်ရန် ပိုမို ခက်ခဲသော အပိုင်းများ ဖြစ်သည်။

တစ်ဦးချင်းလူပုဂ္ဂိုလ်များ၊ အစုအဖွဲ့များသည် တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှု ရှိကြသည့်အခါ လိုအပ်ချက်များအကြောင်း ပြောဆိုဆွေးနွေးရန် ပိုမို လွယ်ကူလေ့ရှိသည်။ သို့သော် အပြန်အလှန် ယုံကြည်မှု အားနည်းကြသည့်အခါမျိုးတွင်မူ တစ်ဖက်နှင့်တစ်ဖက်သည် လိုအပ်ချက်များကို မပြောတော့ဘဲ ရည်မှန်းချက်များကိုသာ ပြောလေ့ရှိကြတော့သည်။ လိုအပ်ချက်များအကြောင်း ပြောဆိုဆွေးနွေးခြင်းသည် မိမိတို့ကိုယ်ကို အင်အားနည်းသည့်ပုံ၊ အားနွဲ့သည့်ပုံတို့ကို ပေါ်လွင်စေသည်ဟု လူအများကခံယူထားတတ်သည်။ လူတို့သည် အခြားတစ်ဦးတစ်ယောက်အပေါ် ယုံကြည်မှု မရှိသည့်အခါ မိမိတို့ကိုယ်ကို အင်အားရှိကြောင်းကိုသာ ထင်ပေါ်စေလိုသည်။ အင်အားချည့်နဲ့သည်ကို မပေါ်လွင်စေလိုပေ။ ပဋိပက္ခအခြေအနေမျိုးတွင် ရည်မှန်းချက်များ အကြောင်းပြောဆိုခြင်းသည်သာ လူတို့ကို ပို၍ စိတ်သက်တောင့်သက်သာ ဖြစ်စေပါသည်။ သို့သော် ရည်မှန်းချက်များအကြောင်း ပြောဆိုဆွေးနွေးကြခြင်းသည် တစ်ဖက်နှင့် တစ်ဖက်ကြား အမှန်တကယ် လိုအပ်ချက်များကို သိမြင်နားလည်နိုင်စေရန် အထောက်အကူ မဖြစ်ပေ။ ဇာတ်ကောင်တို့၏ အမှန်တကယ် လိုအပ်ချက်များကို သိနားလည်ခြင်းသည် ပဋိပက္ခတစ်ရပ်ကို ဖြေရှင်းနိုင်ရန် သို့မဟုတ် အသွင်ပြောင်းလဲနိုင်ရန် တိုးတက်မှုတစ်ဆင့် ရရှိလာခြင်းပင် ဖြစ်သည်။

ပဋိပက္ခ ရေခဲတောင် နည်းစနစ်သည် အောက်ပါတို့ကို လုပ်ဆောင်ရာတွင် များစွာ အထောက်အကူ ဖြစ်စေပါသည်။

- ရည်မှန်းချက်များနှင့် ငုပ်လျှိုးနေသော လိုအပ်ချက်များကို သီးခြားစီခွဲထုတ် လေ့လာကြည့်ခြင်း။
- ပဋိပက္ခတစ်ရပ်အတွင်း အရေးကြီးဆုံးသော လိုအပ်ချက်များကို ဆန်းစစ် ဖော်ထုတ်ခြင်း။
- သက်ဆိုင်ရာ ဇာတ်ကောင်တို့ကြား တူညီစွာရှိနေသော ဘုံလိုအပ်ချက်များကို ဆန်းစစ် ဖော်ထုတ်ခြင်း။




### အကြံပြုသင်ခန်းစာ

၁။ ပဋိပက္ခတစ်ရပ်တွင် ပါဝင်ပတ်သက်သော ဇာတ်ကောင်တို့သည် ၎င်းတို့၏ လိုအပ်ချက်များကို ပြောလေ့ ရှိကြပါသလား။ အဘယ်ကြောင့် ပြောလေ့ရှိကြသနည်း သို့မဟုတ် ပြောလေ့မရှိကြသနည်း။ ဇာတ်ကောင်တို့သည် မည်သည့်အရာတို့ကို ပြောလေ့ ရှိကြသနည်း။


၂။ သင်၏ လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းသည် ပဋိပက္ခကို ပေါ်ပေါက်စေနိုင်ပါသလား။ မည်သည့်နည်းဖြင့် ပေါ်ပေါက်စေနိုင်ပါသနည်း။

## လုပ်ငန်းများ

### လိုအပ်ချက်နှင့် ရည်မှန်းချက်များ

**အောက်ပါ ဇာတ်လမ်းများကို ဖတ်ရှု၍ ပေးထားသော မေးခွန်းများကို ဖြေဆိုပါ။**

မိဘနှင့် သားသမီးတို့သည် လိုလားမှုချင်း မတူတတ်ကြပေ။ အောက်ဖော်ပြပါ ပဋိပက္ခ ရေခဲတောင်သည် မိဘက သားသမီးများကို ပြောဆိုကြသည့်အရာနှင့် ဆယ်ကျော်သက် သားသမီးများက မိဘများကို ပြန်ပြောသည့် အရာများအား ပြသထားသည်။ ရေခဲတောင်သည် ဇာတ်ကောင်နှစ်ဖက်စလုံး၏ လိုအပ်ချက်များကို ထည့်သွင်း ဖော်ပြပေးထားသည်။




### ရည်မှန်းချက်များ

**မိဘများ**

က။ ကျောင်းဆင်းတာနဲ့ သူငယ်ချင်းတွေနဲ့ အပြင်မသွားရဘူး။ အိမ်ကို တန်းပြန်လာပြီး စာကျက်ရမယ်။

ခ။ မင်းတို့တွေ ဆိုင်ကို ဝိုင်းကူလုပ်ပေးဖို့လိုလာပြီ။

ဂ။ ရပ်ရွာဘာသာရေး လုပ်ငန်းတွေမှာ ငါတို့နဲ့အတူ အပတ်စဉ် လိုက်လုပ်ပါ။

**ဆယ်ကျော်သက်**

ဃ။ ကျောင်းစာသင်ခန်းထဲမှာ တစ်နေကုန် စာသင်ခဲ့ရတာ ကျောင်းဆင်းရင် သူငယ်ချင်းတွေနဲ့ စကားလေး ဘာလေး ပြောပြီး အပန်းဖြေချင်တာပေါ့။

င။ ပညာဆက်သင်ချင်တယ်။

စ။ အားတဲ့အချိန်တွေမှာ အိပ်စက်အနားယူဖို့ လိုတယ်။

### လိုအပ်ချက်များ

- အသက်ရှင်ရပ်တည်မှု
- ချစ်ခြင်းမေတ္တာ
- အပန်းဖြေအနားယူခြင်း
- ________________

- အသိအမြင်ကြွယ်ဝခြင်း
- အပန်းဖြေအနားယူခြင်း
- လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း
- ________________

၁။ မည်သည့် ရည်မှန်းချက်က မည်သည့် လိုအပ်ချက်ကို ဖြည့်ဆည်းပေးသနည်း။

က။ မိဘတို့၏ ________________ ရည်မှန်းချက်သည် ၎င်းတို့၏ ________________လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။

ခ။ မိဘတို့၏ ________________ ရည်မှန်းချက်သည် ၎င်းတို့၏ ________________လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။

ဂ။ မိဘတို့၏ ________________ ရည်မှန်းချက်သည် ၎င်းတို့၏ ________________လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။

ဃ။ ဆယ်ကျော်သက် သားသမီးတို့၏ ________________ ရည်မှန်းချက်သည် ၎င်းတို့၏ ________________ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။

င။ ဆယ်ကျော်သက် သားသမီးတို့၏ ________________ရည်မှန်းချက်သည် ၎င်းတို့၏ _____လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။

စ။ ဆယ်ကျော်သက် သားသမီးတို့၏ ________________ ရည်မှန်းချက်သည် ၎င်းတို့၏ _____လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။

၂။ ရေခဲတောင်၏ တစ်ဖက်စီ၌ ကွက်လပ်ဖြစ်နေသော စတုတ္ထမြောက် လိုအပ်ချက်များကို ဖြည့်စွက်ပေးပါ။

၃။ အပန်းဖြေအနားယူခြင်းသည် ဘုံလိုအပ်ချက် ဖြစ်သည်။ နှစ်ဖက်စလုံးသည် အဆိုပါ လိုအပ်ချက်ကို မည်ကဲ့သို့ အသီးသီး ဖြည့်ဆည်းကြသနည်း။

၄။ အဆိုပါ ဇာတ်ကောင်များသည် ဘုံတူညီသော လိုအပ်ချက်များ ရှိနေသည်ဆိုလျှင် အဘယ်ကြောင့် ပဋိပက္ခ ဖြစ်ကြရသနည်း။

၅။ ဇာတ်ကောင်နှစ်ဦးစလုံး၏ လိုအပ်ချက်များကို တစ်ပြိုင်နက်တည်း ဖြည့်ဆည်းနိုင်သော မည်သည့် ဖြေရှင်းနည်းများ ရှိပါသနည်း။

## မြန်မာ့ရေးရာ – တရုတ်ဆန့်ကျင်ရေး အဓိကရုဏ်း

၁၉၆၇ ခုနှစ် အစောပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် ရန်ကုန်တွင် ဆန်ပြတ်လပ်မှု ဖြစ်ပွားသည်။ ရန်ကုန် ဆန်ပြတ်လပ်မှုသည် ဆိုးရွားသော ပြဿနာ ဖြစ်လာသည်။ အဆိုပါ ပြတ်လပ်မှုသည် အဓိကအားဖြင့် အစိုးရ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းကြောင့် ဖြစ်ရသော်လည်း လူထု၏ ဒေါသမှာ တရုတ်ကုန်သည်များဘက်သို့သာ ဦးတည်သွားသည်။ တရုတ်ကုန်သည်များသည် ဆန်မှောင်ခိုဈေးကွက်အများစုကို ချုပ်ကိုင်ထားသည်။ တရုတ်ကုန်သည်များက ဆန်ပြတ်လပ်မှု ပြဿနာ ပိုမို ဆိုးရွားလာသောအခါမှ ဈေးတင်ရောင်းရန် ရည်ရွယ်ချက်ဖြင့် ဆန်များကို သိုလှောင်ထားကြသည်။



Chinese elementary school children in Burma wearing Mao buttons and waving Mao books, June 1967



Thakin Ba Thein Tin (fifth from left) at the Memorial Service in Peking for the Chinese Aid Technician Killed in the Riots in Rangoon, 5 July 1967

အချို့ လူများကလည်း တရုတ်သံရုံးက ရန်ကုန်ရှိ ပြည်ပရောက်တရုတ်ကျောင်းသားများကို ဥက္ကဋ္ဌမော် (တရုတ်ခေါင်းဆောင်) ပုံ ရင်ထိုးများကို ဝေပေးသည့်အပေါ် ဒေါသဖြစ်ကြသည်။

မြန်မာအစိုးရက မော်ရင်ထိုးများ တပ်ဆင်ခြင်း မပြုရန် တားမြစ်သည့် အမိန့်ကို ထုတ်ပြန်လိုက်သည်။ တရုတ်ကျောင်းသားများက မလိုက်နာဘဲ ရင်ထိုးများကို ဆက်လက်တပ်ဆင်မြဲ တပ်ဆင်နေကြသည့်အခါ အစိုးရသည် တရုတ်ကျောင်းသား အများအပြားကို ကျောင်းထုတ်ပစ်ခြင်း၊ ပြဿနာရှိသော ကျောင်းများကို ပိတ်ပစ်ခြင်းများ ပြုလုပ်တော့သည်။ အဆိုပါ လုပ်ရပ်ကို ကန့်ကွက်သည့်အနေဖြင့် တရုတ်သံရုံးက တရုတ်ကျောင်းသားထု ဆန္ဒပြပွဲကို စီစဉ်သည်။

၎င်းမှ အစပြု၍ အဓိကရုဏ်းများ စတင်ပေါ်ပေါက်လာတော့သည်။ တရုတ်သံရုံးနှင့် တရုတ်လူမျိုးပိုင် ဈေးဆိုင်များ၊ နေအိမ်အများအပြားတိုက်ခိုက်ခံရသည်။

ဒေါသဖြစ်နေသော မြန်မာလူအုပ်ကြီးသည် ရန်ကုန်မြို့ လမ်းမများပေါ်တွင် သုံးရက်တိုင်တိုင် လှည့်လည်ဆူပူခဲ့သည်။ ၎င်းတို့သည် တရုတ်လူမျိုးပိုင်ဈေးဆိုင်များ၊ နေအိမ်များနှင့် ကားများကို မီးရှို့ဖျက်ဆီးခြင်းဖြင့် တရုတ်ကျောင်းသားများအား ၎င်းတို့၏ မခံမရပ်နိုင်ဖြစ်မှုကို ပြသခဲ့သည်။

သုံးရက်လွန်မြောက်ပြီးနေ့တွင်မူ ပြည်တွင်းနေ တရုတ်လူမျိုး ၅၀ မှ ၈၀ ကြား သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ အများအပြားနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးဒေါ်လာ သောင်းချီရှိခဲ့သည်။ ဈေးဆိုင်များ၊ နေအိမ်များနှင့် ကားများကို တိုက်ခိုက်ဖျက်ဆီး၍ မြို့ခံတရုတ်လူမျိုးများကို သတ်ဖြတ်နေကြသော အဓိကရုဏ်းလူအုပ်ကြီးအား စစ်တပ်က တားဆီးခြင်း တစ်စုံတစ်ရာ လုပ်ဆောင်ခဲ့ခြင်း မရှိဟု သတင်းများက ဆိုသည်။

Source: http://www.foia.cia.gov/sites/default/files/document_conversions/14/esau-52.pdf
The Rise and Fall of the Communist Party of Burma (CPB) by Bertil Lintner. 1990

၁။ တရုတ်သံရုံးတွင် မည်သည့် ရည်မှန်းချက်များ ရှိသနည်း။

၂။ အဓိကရုဏ်းလူအုပ်ကြီးတွင်လည်း မည်သည့် ရည်မှန်းချက်များ ရှိသနည်း။

၃။ အဆိုပါ အုပ်စုများတွင် မည်သည့် လိုအပ်ချက်များ ရှိနေသနည်း။

၄။ အထက်ဖော်ပြပါ အခြေအနေနှင့် ပတ်သက်၍ ပဋိပက္ခ ရေခဲတောင်တစ်ခု ရေးဆွဲပါ။

၅။ အဆိုပါ အခြေအနေတွင် တစ်ဖက်နှင့် တစ်ဖက်၏ လိုအပ်ချက်များကို သိနားလည်ခြင်းသည် အဓိကရုဏ်း မဖြစ်အောင် တားဆီးပေးနိုင်စွမ်း ရှိနိုင်ပါသလား။

## လုပ်ငန်းများ

**ပဋိပက္ခ ရေခဲတောင်တစ်ခု ဖန်တီးခြင်း**


၁။ နှစ်ယောက်တစ်တွဲ တွဲ၍ ပဋိပက္ခတစ်ရပ်ကို ရွေးချယ်ပါ။ အဓိကဇာတ်ကောင်နှစ်ဦးကို ဆန်းစစ်ဖော်ထုတ်ပါ။

၂။ ဇာတ်ကောင်တို့၏ ရည်မှန်းချက်များကို စာရင်းပြုစုပြီး ပဋိပက္ခ ရေခဲတောင်ပေါ်တွင် ရေးချပါ။

၃။ ရည်မှန်းချက်တစ်ခုချင်းစီနှင့် ကိုက်ညီမည့် လိုအပ်ချက်များကို ဆန်းစစ် ဖော်ထုတ်ပါ။ ဇာတ်ကောင်နှစ်ဦးစလုံးအတွက် တူညီနေသော လိုအပ်ချက်များကို အဓိကထား၍ ဖော်ပြပေးပါ။

၄။ ဇာတ်ကောင်နှစ်ဦးစလုံး၏ ဘုံလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည့် ဖြေရှင်းဆောင်ရွက်နည်းများကို စာရင်းပြုစုပါ။

၅။ သင်၏ ပုံကြမ်းနှင့် ဖြေရှင်းနည်းများကို အတန်းသို့ တင်ပြ ဆွေးနွေးပါ။




## ဆွေးနွေးချက်

၁။ ပဋိပက္ခ ရေခဲတောင် နည်းစနစ်တွင် မည်သို့သော အားသာချက်များ ရှိနေသနည်း။

၂။ ပဋိပက္ခ ရေခဲတောင် နည်းစနစ်တွင် မည်သို့သော အကန့်အသတ်အချို့ ရှိနေသနည်း။ ၎င်းသည် မည်သည့်အချိန်အခါတွင် အထောက်အပံ့ မပြုနိုင်မည်နည်း။

၃။ သမိုင်းဝင် ပဋိပက္ခတစ်ရပ်ကို စဉ်းစားကြည့်ပါ။ ပဋိပက္ခ ရေခဲတောင် နည်းစနစ်သည် အဆိုပါ ပဋိပက္ခကို ပြောင်းလဲပစ်ရန် မည်သည့်နည်းဖြင့် အထောက်အကူပြုနိုင်ပါမည်နည်း။


## နိဂုံးချုပ်

**အကောင်းဆုံးနည်းစနစ်ကို ဆန်းစစ်ဖော်ထုတ်ခြင်း**

၁။ ပဋိပက္ခတစ်ရပ်ချင်းစီကို သရုပ်ခွဲဆန်းစစ်ရာတွင် အသုံးအဝင်ဆုံးဖြစ်မည့် နည်းစနစ် (ပဋိပက္ခ အချိန်ပြမျဉ်း၊ ပဋိပက္ခမြေပုံနှင့် ပဋိပက္ခ ရေခဲတောင်) များကို ဆန်းစစ် ဖော်ထုတ်ပါ။

၂။ သင့်အနေဖြင့် နည်းစနစ်တစ်ခုချင်းစီကို အဘယ်ကြောင့် ရွေးချယ်ခဲ့သနည်း။

### ဇာတ်အိမ် (က)




လွန်ခဲ့သော ၈ နှစ်က သင်တို့ မိသားစုသည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ပေါင်းစုံကြား တိုက်ပွဲများ ဖြစ်ပွားမှုကြောင့် ရွာမှ ထွက်ခွာသွားခဲ့သည်။ ရွာသည် ရွာသူ ရွာသားများ ငါးဖမ်းရန်နှင့် သီးနှံစိုက်ခင်း၊ စပါးခင်းများတွင် ရေလောင်းရန်အတွက် အသုံးပြုသော မြစ်၏ အနီးတွင် တည်ရှိသည်။ အဆိုပါ မြစ်သည် တစ်ရွာလုံးက စုပေါင်းပိုင်ဆိုင်သော အရင်းအမြစ်တစ်ခု ဖြစ်သည်။

သင်နှင့် သင့်မိသားစုသည် ရွာသို့ ပြန်လာပြီး နေအိမ်ဟောင်းတွင် ပြန်လည်နေထိုင်ကြသည်။ သင်သည် သီးနှံစိုက်ခင်းသစ်များ၊ စပါးခင်းသစ်များ လုပ်ကိုင်ရန် စီမံကိန်းချသည်။ ထို့နောက်တွင် သင့်လယ်မြေ၏ အနီးဝန်းကျင်ရှိ စပါးခင်း၊ သီးနှံစိုက်ခင်းအများစုသည် ခြောက်သွေ့ပြုန်းတီးနေကြပုံကို သတိပြုမိလာသည်။ မြစ်ရေသည်လည်း ရေစီးနှေးလာပုံ၊ ရေစီးတိမ်လာပုံတို့ကိုလည်း တွေ့ရှိလာသည်။

သင်သည် ရေများ အဘယ်ကြောင့် မစီးတော့သည်ကို သိရှိရန်အတွက် မြစ်ညာဘက်သို့ ဆန်တက်စုံစမ်းကြည့်သောအခါ စိမ်းစိုနေသော စပါးခင်းများ၊ ကြီးမားသော ဆည်ကြီးများနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး စက်ရုံများကို တွေ့ရှိလိုက်ရသည်။ သင်၏ အိမ်နီးချင်းအများစုသည် အဆိုပါ စပါးခင်းများနှင့် ရေအားလျှပ်စစ်စက်ရုံများတွင် အလုပ်လုပ်နေကြသည်ကိုလည်း တွေ့ရှိလိုက်ရသည်။ မြစ်ကြီးကောသွားသည့်အတွက် ၎င်းတို့၏ စိုက်ပျိုးမြေများတွင် အလုပ်မလုပ်တော့ခြင်းဖြစ်ကြောင်း အဆိုပါ အိမ်နီးချင်းရွာသားများက ပြောသည်။ ယခုအခါ ၎င်းတို့သည် ငြိမ်းချမ်းရေးသဘောတူညီချက်ပါ အစိတ်အပိုင်းတစ်ရပ်အရ တိုင်းရင်းသားလက်နက်ကိုင် မိသားစုနှစ်စု ပိုင်ဆိုင်သော လယ်မြေများတွင် အလုပ်လုပ်ကိုင်လျက် ရှိကြသည်။ ပဋိပက္ခ ချုပ်ငြိမ်းသွားသောအခါ အစိုးရသည် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်၍ သင်၏ ကျေးရွာသို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလာသည်။ အပြန်အလှန်အနေဖြင့် ရွာသားများသည် မိသားစုအချို့၏ အကြီးစား လယ်စိုက်ခင်းကြီးများတွင် ရေအလုံအလောက် ရရှိသုံးစွဲနိုင်စေရန် ခွင့်ပြုပေးလိုက်ရသည်။

အစိုးရသည် သင်တို့ ကျေးရွာကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့သည်။ သို့သော် ရွာသားအများစုသည် ၎င်းတို့ လယ်ယာမြေများတွင် အလုပ်မလုပ်နိုင်ကြတော့ပေ။ သင့်အနေဖြင့် မခံမရပ်နိုင် ဖြစ်မိသည်။ သင်၏ ဘဝက ခက်ခဲကြမ်းတမ်းလာသည်။ ဒီနေရာသည် သင်၏ ဇာတိမြေ ဖြစ်သည်။ ဒီနေရာတွင် သင် နေထိုင်လိုသည်။ သင့်အနေဖြင့် သင့်မိသားစုကို လုပ်ကျွေးနိုင်ရန်အတွက် အကြီးစားလယ်ယာမြေများတွင် အလုပ်လုပ်လိုသည်။ သို့သော် သင်သည် လယ်သမားဖြစ်သည်။ သင့်ကိုယ်ပိုင် လယ်မြေပေါ်တွင် ထွန်ယက်စိုက်ပျိုးလိုသည်။ သင်နှင့် ကျေးရွာ ကိုယ်စားလှယ်အဖွဲ့တို့သည် ရေအားလျှပ်စစ်ဓာတ်အားပေးဌာနနှင့် လယ်ရှင်ကြီးများထံသို့ သွားရောက်ကြသည်။ သို့သော် အကြီးစား လယ်ယာလုပ်ငန်းရှင်ကြီးများနှင့် အစိုးရတို့သည် သင်တို့နှင့် တွေ့ဆုံ၍ အဆိုပါ ပြဿနာကို ဆွေးနွေး ဖြေရှင်းလိုသောဆန္ဒ မရှိကြချေ။

## ဇာတ်အိမ် (ခ)





သင်နေထိုင်ရာ မြို့လေးသည် လှပသော တောင်ပေါ်ဒေသလေးတစ်ခုတွင် တည်ရှိသည်။ ၎င်းမြို့လေး၏ ပတ်ပတ်လည် တောင်ကုန်းများပေါ်တွင် စေတီပုထိုးများ တည်ဆောက်ထားပြီး ရေကန်ရေအိုင်ကြီးများလည်း ရှိသည်။ ဒေသတွင်း မြို့ကြီးများမှ စီးပွားရေးလုပ်ငန်းရှင်အချို့သည် အဆိုပါ မြို့လေးသို့ အများအပြား လာရောက်ကြသည်။ ၎င်းတို့သည် မြို့လေးတွင် ဟိုတယ်များ ဆောက်လုပ်၍ မြို့လေးအကြောင်း ခရီးသွားများအား ကြော်ငြာရန် ဒေသအာဏာပိုင်များနှင့် ပြောဆိုဆွေးနွေးနေကြောင်း သင်ကြားသိရသည်။ သင်ကြားသိခဲ့သမျှကို သင့်အဖေအား ပြောပြလိုက်သည်။ သင့်အဖေသည် အလွန်မကျေမနပ် ဖြစ်သွားပြီး သူ၏ မိတ်ဆွေအပေါင်းအသင်းများနှင့် ထိုအကြောင်း ပြောဆိုရန် လက်ဖက်ရည်ဆိုင်သို့ ထွက်သွားသည်။

လအနည်းငယ် ကြာသောအခါ ဟိုတယ်တစ်ခု တည်ဆောက်ပြီးစီးသွားသည်။ ခရီးသွားများ မြို့လေးသို့ တဖွဲဖွဲ ဝင်လာကြသည်ကိုလည်း သင်တွေ့ရှိလာရသည်။ သင်ကိုယ်တိုင်ကလည်း အင်္ဂလိပ်စာကျွမ်းကျင်ပြီး ဒေသအကြောင်းကိုလည်း နှံ့နှံ့စပ်စပ် သိထားသည်။ အဆိုပါ ခရီးသွားများကို လမ်းညွှန်လုပ်ပေးခြင်းဖြင့် သင့်တွင် အပိုဝင်ငွေ အမြောက်အမြား ရရှိမည်ကိုလည်း သင်သိရှိထားသည်။ ရက်သတ္တပတ် အနည်းငယ်လောက် ခရီးသွား ဧည့်လမ်းညွှန် လုပ်ပေးပြီးသည့်နောက်တွင် သင့်၌ ဝင်ငွေအချို့ ရရှိလာသည်။ သင့်မိသားစုကလည်း အပိုဝင်ငွေရရှိသဖြင့် ကျေနပ်ပျော်ရွှင်ကြပြီး သင်ကိုယ်တိုင်လည်း သင့်သူငယ်ချင်းများနှင့် ပူးပေါင်း၍ ခရီးသွား ကုမ္ပဏီတစ်ခုတည်ထောင်ရန် စဉ်းစားလာသည်။

တစ်နေ့တွင် ဧည့်သည်တစ်စုကို လမ်းညွှန်လုပ်ပေးဖို့အတွက် ဟိုတယ်သို့ သင်ရောက်သွားသည်။ ဟိုတယ်မန်နေဂျာက ထွက်လာပြီး သင့်အား ၎င်းတို့ ဟိုတယ်မှ ဧည့်သည်များကို လမ်းညွှန်လုပ်ခွင့်မပေးတော့ကြောင်း ပြောသည်။ နောက်တစ်နေ့တွင် ကုမ္ပဏီက ၎င်းတို့ကိုယ်ပိုင် ဧည့်လမ်းညွှန်များဖြင့်သာ လုပ်ကိုင်တော့မည်ဖြစ်ကြောင်း ဆိုင်းဘုတ်ထောင်၍ ကြေညာလိုက်သည်။ ဟိုတယ်၏ ဧည့်လမ်းညွှန်အားလုံးသည် အခြားမြို့မှလူများ ဖြစ်သည်။ ၎င်းတို့သည် ဧည့်သည်များကို ၎င်းတို့နှင့် ရင်းနှီးသော မြို့ခံမိတ်ဆွေသူငယ်ချင်းများ ပိုင်ဆိုင်သည့် နေရာများသို့သာ လမ်းပြခေါ်ဆောင်သွားကြသည်။ သင်က ထိုအကြောင်းအားလုံးကို သင့်အဖေအား ပြောပြလိုက်သည်။ သင့်အဖေလည်း ဒေါသဖြစ်ကာ အိမ်မှ ထွက်သွားပြန်သည်။

နောက်တစ်နေ့တွင် သင့်အဖေ၏ မိတ်ဆွေသူငယ်ချင်းများနှင့် အနီးအနား ဘုန်းကြီးကျောင်းမှ သံဃာတော်များသည် ဟိုတယ်ရှေ့သို့ သွားရောက်၍ ဆန္ဒပြကြတော့သည်။ မြို့ခံ (ဒေသခံ) စီးပွားရေးလုပ်ငန်းရှင်များကိုသာ ဟိုတယ်များ ဆောက်လုပ်ခွင့်နှင့် ကုမ္ပဏီများ ထူထောင်ခွင့်ပြုရမည်ဟု ၎င်းတို့က တောင်းဆိုကြသည်။ အစပိုင်းတွင် ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြနေကြသော်လည်း လူတစ်ယောက်က ဟိုတယ်ပြတင်းပေါက်ကို ခဲနှင့် လှမ်းပေါက်လိုက်သည့် အချိန်တွင်တော့ အခြေအနေသည် ရုတ်တရက် ပိုမိုဆိုးရွားသွားပြီး ဒေသအာဏာပိုင်များ လာရောက်တားဆီးကြရတော့သည်။ သင့်အဖေလည်း ဆန္ဒပြရန် လှုံ့ဆော်မှုနှင့် ဖမ်းဆီးခံလိုက်ရသည်။

## ဇာတ်အိမ် (၈)



သင်တို့ ဒေသတွင်း၌ အကြမ်းဖက်ပဋိပက္ခများ ဖြစ်ပွားလာသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီး ဖြစ်သည်။ အဆိုပါ ပဋိပက္ခ မည်သည့်အချိန်က စတင်ခဲ့သည်ဆိုသည်ကို မည်သူမှ မမှတ်မိကြတော့သော်လည်း လွန်ခဲ့သော ၁၀ နှစ်ခန့်မှစ၍ အခြေအနေမှာ ဆိုးသည်ထက် ဆိုးရွားလာသည်။

လွန်ခဲ့သော ၁၀ နှစ်က ကျောင်းအုပ်ကြီးနှင့် ကျောင်းမှ ကျောင်းဆရာတစ်ဦးသည် ကျောင်းမှ အိမ်သို့ ပြန်ရာလမ်းတွင် ပျောက်သွားခဲ့သည်။ ထိုအချိန်ကတည်းက ၎င်းတို့နှင့် ပတ်သက်၍ သတင်းအစအန ပျောက်နေခဲ့ပြီး ၎င်းတို့ မိသားစုများကလည်း အလွန်စိုးရိမ်ပူပန်လျက် ရှိနေသည်။ ဒေသတွင်းမှ စစ်သားများက ၎င်းတို့ကို သတ်ပစ်ပြီး တောတွင်းတစ်နေရာတွင် မြုပ်ထားလိုက်ကြသည်ဟု ၎င်းတို့ မိသားစုများက ယူဆထားကြသည်။ နယ်မြေခံတပ်မှ စစ်သားများကမူ သူပုန်အတွက် သူလျှိုလုပ်ပေးနေသော လူနှစ်ယောက်ကို တွေ့ရှိ၍ ဖမ်းဆီးထောင်ချလိုက်သည်ဟု ဆိုသည်။ သို့သော် အဆိုပါ သူလျှိုများက ဘယ်သူတွေလဲ ဆိုသည်ကိုတော့ ထုတ်မပြောကြချေ။

ထိုကိစ္စအပေါ် မကျေမနပ်ဖြစ်၍ မြို့မှ အမျိုးသားအတော်များများသည် သူပုန်တပ်ထဲသို့ ဝင်ရောက်ပူးပေါင်းလိုက်ကြသည်။ ထိုအကြောင်းကို အစိုးရဘက်က သိရှိသွားသောအခါ ရွာသို့ ရောက်လာ၍ ၎င်းတို့ မိသားစုဝင်များကို ဖမ်းဆီးကြတော့သည်။ အစိုးရစစ်သားများသည် မြို့မှ ပြန်လည် ထွက်ခွာသွားခြင်း မပြုတော့ဘဲ တပ်စွဲထားကြသည်။ မြို့ခံလူထုသည်လည်း စိုးရိမ်ထိတ်လန့်နေကြသည်။

လွန်ခဲ့သော ၆ နှစ်က တစ်ညတွင် အစိုးရစစ်သားများသည် အရက်မူးပြီး မွေးမြူရေးတိရစ္ဆာန်အချို့ကို ပစ်ခတ်သတ်ဖြတ်ကြသည်။ ထို့နောက် ၎င်းတို့ကို မြို့မှ စစ်သားများအား ကျွေးလိုက်ကြသည်။ ပစ်သတ်ခံရသော တိရစ္ဆာန်တို့၏ ပိုင်ရှင်များသည် အလွန်မကျေမနပ်ဖြစ်ကာ စစ်သားများ နေထိုင်စခန်းချရာ အဆောက်အဦးဆီသို့ သွားရောက်ကြသည်။ ရွာသားများက အဆောက်အဦးကို မီးရှို့ဖို့ ကြိုးစားသည်။ သို့သော် စစ်သားများက ပြန်လည်ပစ်ခတ်နှိမ်နင်းရာ ရွာသားအများအပြား သေဆုံးခဲ့ရသည်။

ပြီးခဲ့သောနှစ်က အစိုးရစစ်သားများ မြို့မှထွက်သွားကြသည်။ အစိုးရစစ်သားများ ထွက်သွားသည်နှင့် သူပုန်တပ်များ ရွာသို့ ရောက်လာပြီး နေအိမ်အများအပြားကို မီးရှို့ဖျက်ဆီးကြပြန်သည်။ ကျေးရွာခေါင်းဆောင်များကို အစိုးရနှင့် ပူးပေါင်းသည်ဟု သူပုန်တပ်က စွပ်စွဲသည်။ ခေါင်းဆောင်အချို့ကို ဖမ်းဆီးချုပ်နှောင်ထားလိုက်သည်။ ရွာသားအများစုသည် ထွက်ပြေးရန် ကြိုးစားကြသော်လည်း ပြန်လည်ဖမ်းမိပြီး အပြစ်ပေးခံရသည်။

သင်သည် အဆိုပါ ပဋိပက္ခ အဆုံးမသတ်တော့မည်ကို စိုးရိမ်နေမိသည်။

## ရုပ်ပုံများအတွက် အသိအမှတ်ပြုခြင်း

မုခ်ဦး ပညာရေးသည် စာအုပ်အစအဆုံးတွင် Creative Common မှ သို့မဟုတ် အများပိုင် ရင်းမြစ်များမှ ရုပ်ပုံများကိုသာ အသုံးပြုပြီး အခြားပုံများမှာ မုခ်ဦး ပညာရေးပိုင်ပုံများ ဖြစ်ကြပါသည်။ တချို့မှာ ကျွန်ုပ်တို့ မိတ်ဖက်အဖွဲ့အစည်းပိုင် ဓာတ်ပုံများနှင့် ခွင့်ပြုချက်ရယူပြီး ဓာတ်ပုံများ ဖြစ်သည်။

မူပိုင်ခွင့် မှတ်ပုံတင်ထားသည်ကို အသုံးပြုမှုများအတွက် အတတ်နိုင်ဆုံး မှန်ကန်အောင် အသေးစိတ်အချက်အလက်များ ဖော်ပြ အသိအမှတ်ပြုထားပါသည်။ အောက်ပါ စာရင်းတွင် ကြည့်ပါ။ သို့သော် မစုံလင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ဤစာအုပ်ကို ခုနှစ်အတော်ကြာ ရေးသားခဲ့ပြီး များစွာသော ရင်းမြစ်များကို အသုံးပြုထားရခြင်းကြောင့်လည်း ဖြစ်ပါသည်။ အကယ်၍ အသုံးပြုမှု တစ်ခုခုအတွက် မှားယွင်းစွာ သို့မဟုတ် မပြည့်မစုံ ဖော်ပြထားခြင်း၊ မှားယွင်းစွာ အသုံးပြုထားခြင်း စသည်တို့ကို တွေ့ရှိပါက မုခ်ဦးပညာရေးသို့ အကြောင်းကြား အသိပေးနိုင်ပါသည်။ ၎င်းတို့ကို အသစ်ထွက်မည့် တည်းဖြတ်မှုများတွင် ထည့်သွင်း ပြင်ဆင်မည် ဖြစ်ပါသည်။ မူပိုင်ခွင့် အသုံးပြုမှုများတွင်ပါသည့် အမြင်များ၊ အယူအဆများမှာ မုခ်ဦး ပညာရေးကို ကိုယ်စားပြုခြင်း မရှိပါ။

အောက်ပါတို့မှာ ဤစာအုပ်အတွင်း အသုံးပြုခဲ့သည့် ရုပ်ပုံများ ဖြစ်ပါသည်။

| Page | Author(s) | Title/Description | Source | License Type |
|---|---|---|---|---|
| 6 | Davidlohr Bueso | automatic for the people | https://www.flickr.com/photos/daverugby83/5864277224 | CC-BY 2.0 |
| 8 | Pätzold, Ralf | Bundesarchiv, Bild 183-1990-0414-009 | https://commons.wikimedia.org/wiki/File:Bundesarchiv_Bild_183-1990-0414-009,_FDGB-Pokal,_1._FC_Lok_Leipzig_-_Dynamo_Schwerin,_Ausschreitungen.jpg | CC-BY-SA 3.0 |
| 15 | benbansal.me | An overpass on Strand Road helps ease traffic congestion in downtown Yangon City. | http://globalnewlightofmyanmar.com/ycdc-to-build-six-new-footbridges-in-yangon-this-year/ | Unknown |
| 30 | Caricature by J.J., SVG file by Gustavb | A stereotypical caricature of a villain | https://en.wikipedia.org/wiki/File:Villainc.svg | CC-BY-SA 3.0 |
| 31 | Unknown | Myanmar 7 | http://asiafoundation.org/2014/04/02/picturing-the-promise-of-libraries-in-myanmar/ | (c) The Asia Foundation |
| 32 | mr.throk | money and guns | https://www.flickr.com/photos/throk/3554307607 | CC-BY-SA 2.0 |
| 32 | Soumyadeep Paul | Mouth wide shut | https://www.flickr.com/photos/soumya_p/8463251783 | CC-BY 2.0 |
| 36 | Chiltepinster | Northern Mockingbird juveniles at a bird bath in Austin, Texas. | https://commons.wikimedia.org/wiki/File:Mocking_Bird_Argument.jpg | CC-BY-SA 3.0 |
| 42 | jf 1234 | Flower power | https://www.flickr.com/photos/kde-head/1838470 | CC-BY-SA 2.0 |
| 43 | Sander van der Wel | Bury your head in the sand | https://commons.wikimedia.org/wiki/File:Bury_your_head_in_the_sand.jpg | CC-BY-SA 2.0 |
| 46 | Marc Venezia | On the road to Bethlehem | https://commons.wikimedia.org/wiki/File:Israel-Palestinian_Wall_Ich_Bin_Eine_Berliner.jpg | CC-BY-SA 3.0 |
| 46 | Elizabeth Ashley Jerman | That awkward moment when | https://commons.wikimedia.org/wiki/File:Young_couple_sitting_apart_on_park_bench.jpg | CC-BY 2.0 |
| 47 | Unknown | Myo Myint | Unknown | (c) The Irrawaddy |
| 54 | Unknown | Unknown | Unknown | Unknown |
| 56 | William Cho | A sandcastle by Castle Beach at East Coast Park, Singapore. | https://commons.wikimedia.org/wiki/File:Sandcastle_at_East_Coast_Park,_Singapore_-_20100110.jpg | CC-BY-SA 2.0 |
| 57 | Unknown | Unknown | Unknown | Unknown |
| 61 | Elya | mirror, reflecting a vase | https://commons.wikimedia.org/wiki/File:Mirror-vase.jpg | CC-BY-SA 3.0 |
| 74 | Burma Democratic Concern | BDC unequivocally denounces police brutalities | https://www.flickr.com/photos/bdcburma/16760740206 | CC-BY 2.0 |
| 75 | AK Rockefeller | Unknown | http://akrockefeller.com/blog/the-last-thing-burma-needs-is-shell/ | CC-BY-SA 3.0 |
| 85 | Bernard B. ILarde | Davao City Commemorative Monument of Peace & Unity | https://commons.wikimedia.org/wiki/File:Commemorative_Monument_of_Peace_%26_Unity.JPG | CC-BY-SA 3.0 |
| 85 | Adam Jones | Vietnam – Hanoi – War Remnants Museum – Diorama of Prisoner & Prison Cell | https://www.flickr.com/photos/adam_jones/3774705098 | CC-BY-SA 2.0 |
| 90 | Jainamishra | Antique Naga Tribal Beads from the Wovensouls Collection. | https://commons.wikimedia.org/wiki/File:Ancestral_Naga_Tribal_Beads.jpg | CC-BY 3.0 |
| 97 | Steve Evans | Father and child, Dhaka. | https://commons.wikimedia.org/wiki/File:Father_and_child,_Dhaka.jpg | CC-BY 2.0 |
| 97 | Arifhidayat | Javanese men often use en:Sarong in religious or caasul occasion | https://commons.wikimedia.org/wiki/File:Sarungan.jpg | CC-BY-SA 3.0 |
| 102 | AK Rockefeller | Unknown | http://akrockefeller.com/blog/the-last-thing-burma-needs-is-shell/ | CC-BY-SA 3.0 |
| 102 | AK Rockefeller | Unknown | http://akrockefeller.com/blog/the-last-thing-burma-needs-is-shell/ | CC-BY-SA 3.0 |
| 102 | AK Rockefeller | Unknown | http://akrockefeller.com/blog/the-last-thing-burma-needs-is-shell/ | CC-BY-SA 3.0 |
| 106 | Ulf Larsen | LTTE bike platoon north of Kilinochi. | https://no.wikipedia.org/wiki/Tamiltigrene#/media/File:LTTE_bike_platoon_north_of_Killinochini_may_2004.jpg | CC-BY-SA 3.0 |

| | | | | |
|---|---|---|---|---|
| 114 | AK Rockefeller | Unknown | http://akrockefeller.com/blog/the-last-thing-burma-needs-is-shell/ | CC-BY-SA 3.0 |
| 115 | Created by Uwe Kils (iceberg) and: Wiska Bodo (sky). | A photomontage of what a whole iceberg might look like | https://commons.wikimedia.org/wiki/File:Iceberg.jpg | CC-BY-SA 3.0 |


## Credit where it's due:

Mote Oo Education would like to thank everyone involved in this project. Without you all, it would never have been possible. Below is a list of those who have worked on this project. (in alphabetical order)

**Writing and Editing:** Alyssa Paylor, Daniel Korth, Katie Julian, Rory McLaughlin, Sally Kantar, Stan Jagger

**Design and Layout:** Matthew Simpson, Nila Win, Yee Yee Thant

**Focus Group:** Anna, Aye Myat Myat Myo, Jenelle Thomson, Marry, Sai Aung Hein Oo, Tun Tun Naing

**Illustrations:** Kargyi, Suanpi

**Editing and proofreading:** Aung Myat Soe, Kaung Hla Zan, May Htut Pan Moe, Nandar Htwe, Nila Win, Yee Yee Thant

**Additonal Help and Support:** Aung Aung, Naw Htwe Nyo,

If we have missed anyone out, we apologise. Please contact us and we will add your name on future editions.